# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 30 September 2022 ၁၀၈၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်းစီးပွားရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတို့ကို အားပေးရန်လို

## ဒေသအတွင်း ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရမှုများ နည်းပါးလာမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရတနာပုံခန်းမ၌ တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော် အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များ၊ MRCCI အသင်းနှင့် ညီနောင်အသင်းများမှ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးစက်မှုဇုန်မှထုတ်လုပ်သည့် စားသောက်ကုန်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

**ယနေ့ ဖတ်စရာ**

### သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား


ဆောင်းပါး စာမျက်နှာ » ၆


### နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ဒုတိယဥက္ကဋ္ဌ (၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး


စာမျက်နှာ » ၈ သို့

ကြေးမုံ

# လူမှုစီးပွားအဆင်ပြေရေး စိုက်ပျိုးထုတ်ကုန်မြှင့်တင်ပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ ပြည်သူအများစုမှာ စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်ကုန်များဖြင့် အလုပ်အကိုင်နှင့်လူမှုစီးပွားဘဝ အဆင်ပြေအောင် ဆောင်ရွက်ကြသည်။ စားသောက်ကုန်သီးနှံများမှာ မြန်မာနိုင်ငံတွင် လောက်ငဖူလုံပိုလျှံသဖြင့် ပြည်ပသို့လည်းတင်ပို့နိုင်သည်။ စိုက်ပျိုးရန် ရေမြေနှင့် စိုက်ပျိုးစွမ်းအားများရှိသဖြင့် စားသောက်ကုန်သီးနှံများသာမက စက်မှုကုန်ကြမ်းသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စားသောက်ကုန်သီးနှံများ အထွက်ကောင်းကြသော်လည်း စက်မှုကုန်ကြမ်းသီးနှံဘက်တွင် မဖွံ့ဖြိုးသည်ကို တွေ့ရှိနိုင်ပေသည်။ စက်မှုကုန်ကြမ်းသီးနှံများတွင် ဝါသည် လူမှုဘဝ၌ အရေးပါသည့် စိုက်ပျိုးပင်ဖြစ်သည်။ တစ်ချိန်သောအခါက ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်းရှိအထည်စက်ရုံကြီးများနှင့် အသေးစား၊ အငယ်စား ရက်ကန်းလုပ်ငန်းများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ခေတ်ကာလ ပြောင်းလဲလာသောအခါ ပြည်ပမှ ချည်မျှင်၊ အထည်များကို ပြောင်းလဲအသုံးပြုလာကြသဖြင့် ပြည်တွင်းချည်မျှင်ရှည်ဝါစိုက်ပျိုးမှု မှေးမှိန်လာသည်။ ပြည်တွင်းချည်သည် အဝတ်အထည်ဝတ်ဆင်မှု၌ အဆင်ပြေသော်လည်း ခေတ်အသွင်အရ ဈေးကွက်လိုအပ်ချက်ရှိသည်။

"ယခင်က ဝါစိုက်ပျိုးခဲ့သော်လည်း ဝါစိုက်ပျိုးမှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခြင်းကြောင့် နိုင်ငံအတွက်လိုအပ်သည့် ဝါထွက်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားသုံးစွဲငွေများ ပိုမိုကုန်ကျကြောင်း၊ အဝတ်အထည်သည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပြီး လူတစ်ဦးအနေဖြင့် မွေးစမှ သေဆုံးသည့်အချိန်အထိ အဝတ်အထည်များလိုအပ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့်အထည်များကို ပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာ ၂၈ ရက်တွင် မိတ္ထီလာစက်မှုဇုန်၌ ပြောကြားခဲ့သည်။

ဝါကို တစ်ချိန်သောကာလက မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ယခုအခါ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်ကုန်များ အထွက်တိုးရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ဝါစိုက်ပျိုးရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီဖြစ်သည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မတည်ငွေလွှဲအပ်ဆောင်ရွက်ပေးလျက်ရှိရာ ဝါစိုက်ပျိုးသူတောင်သူများအတွက်လည်း မတည်ငွေထုတ်ပေးသွားရန် စီစဉ်လျက်ရှိသည်။ ယခင် ဝါစိုက်ပျိုးခဲ့သောမြေများပေါ်တွင် ယခုအခါ အခြားသီးနှံများစိုက်ပျိုးနေပြီး ဝါစိုက်ပျိုးရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သောအခါ အဆိုပါမြေပေါ်တွင် ဝါသီးနှံကို ပြန်လည်စိုက်ပျိုးကြရန် လိုအပ်ပေသည်။

ဝါစိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများလိုအပ်သည်။ ထို့အပြင် စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်၍ ထွန်ယက်စိုက်ပျိုးနိုင်ရန် စက်ကိရိယာများလည်းလိုအပ်သည်။ စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်မှသာ ဧကတွက်များပိုမိုဖြစ်ထွန်းပြီး ဝါစိုက်ပျိုးရေးအောင်မြင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဝါစိုက်ပျိုးရေးအတွက် ချေးငွေ၊ ရန်ပုံငွေများထုတ်ပေးရေး၊ လိုအပ်သောစက်ကိရိယာများနှင့် ဝါမျိုးကောင်းမျိုးသန့်များရရှိရေး၊ ဝါသီးနှံကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာရေးစသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခင်က စက်မှုဝန်ကြီးဌာနက ချည်မျှင်စက်ရုံများ တည်ထောင်ပြီး ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ တိမ်ကောသွားပြီဖြစ်သည်။ ယခုအခါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများက ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တစ်ဖက်တစ်လမ်းက ထုတ်လုပ်ပေးလျက်ရှိသည်။

ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ အဆင့်မြင့်ချည်မျှင်များထွက်ရှိရေးအတွက် မျိုးကောင်း၊ မျိုးသန့်များကို ဝယ်ယူပျိုးထောင်စိုက်ပျိုးကြရန်လိုအပ်သည်။ ပြည်သူများ မဖြစ်မနေဝယ်ယူဝတ်ဆင်နေရသော ပုဆိုးနှင့်ထဘီချည်ထည်များသည် ပြည်တွင်းထွက် ဝါထွက်ကုန်များဖြစ်ပြီး ပြည်သူများ ယနေ့ထက်တိုင် နှစ်သက်စွာအသုံးပြုနေကြသည်။ အင်္ကျီအထည်များတွင်မူ အများစုမှာ ပြည်ပမှချည်ထည်များကို အသုံးပြုလျက်ရှိသဖြင့် ပြည်တွင်းချည်ထည်များကို အဆင့်မီစွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝါစိုက်ပျိုးရေးသည် တစ်ချိန်သောကာလက မြန်မာနိုင်ငံ၌ တွင်ကျယ်သော စိုက်ပျိုးထုတ်ကုန်လုပ်ငန်းဖြစ်ပြီး ယခုအခါ ဝါစိုက်ပျိုးရေးကို နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ဆောင်ရွက်ပေးနေပြီဖြစ်၍ ဝါစိုက်ပျိုးသူ တောင်သူများအနေဖြင့် နိုင်ငံတော်က ထောက်ပံ့ကူညီဆောင်ရွက်ပေးနေမှုများကိုရယူ၍ လူမှုစီးပွားအဆင်ပြေစေရန် ဝါသီးနှံအဆင့်မြှင့်တင်စိုက်ပျိုးရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ၂၀၂၃ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

နေပြည်တော် စက်တင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၃ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် (ဖုန်း-၀၆၇-၃၄၁၄၆၈၁)၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ (ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈)၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်-၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ (ဖုန်း-၀၂-၄၀၃၀၁၈၆)နှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မောင်တောခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မောင်တောမြို့ ဇောတိကာရုံပရဟိတမြို့အရှေ့ကျောင်းတိုက် ဆရာတော်ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းစဉ်။

ငွေကြယ်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၅၀၀ | ၄၃၆ | ၄,၁၅၅,၁၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၇,၅၂၈ | ၂၆,၉၂၆,၉၅၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၁၆၄ | ၁,၂၆၃,၉၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၀၀ | ၂,၀၀၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၂၄၃ | ၆၇၅,၄၀၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၂၀၂ | ၅၅၅,၅၀၀ |
| AMATA | ၅,၃၀၀ | ၅,၂၀၀ | ၁,၄၅၀ | ၇,၆၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၃၆.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၃.၃၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၁၆၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၃.၀၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၆၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၉.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၅၉.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၁.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရတနာပုံခန်းမ၌ တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်းနေထိုင်သူများက ဆောင်ရွက်ရခြင်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ပေါများရေးနှင့် ပြည်တွင်းစီးပွားရေး ကောင်းမွန်စေရေး ဆောင်ရွက်

❂ ရှေ့ဖုံးမှ

လုပ်ငန်းရှင်များ မန္တလေးတိုင်းဒေသကြီးအတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှု လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ တင်ပြဆွေးနွေး

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းငွေး၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံ ဝါလုပ်ငန်းရှင်များ အသင်းနာယက ဦးအောင်သန်း၊ အသေးစားစက်မှု လက်မှုလုပ်ငန်းရှင်များကိုယ်စား ကျောက်ဆစ်လုပ်ငန်းအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ဗိုလ်၊ ရှင်သန်ဆဲဒြပ်မဲ့မျက်ပါးရွှေဆိုင်းအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက စက်မှုဇုန်သမိုင်းအကျဉ်း၊ စက်မှုဇုန်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများရရှိရေး တို့အတွက် လိုအပ်မှုအခြေအနေများ၊ အနာဂတ်ကာလများတွင် စက်မှုဇုန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ဝါမျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ဈေးကွက်ရရှိရေး၊ ဝါစိုက်တောင်သူများ အရင်းအနှီးရရှိရေးအတွက် သက်သာသော အတိုးနှုန်းထားဖြင့် ရင်းနှီးမတည်ငွေများ နိုင်ငံတော်မှ ဆောင်ရွက်ပေးစေလိုမှု၊ သက်တမ်းပြည့်ချေးငွေများ သက်တမ်းတိုးမြှင့်ပေးစေလိုမှု၊ ကျောက်ဆစ်လုပ်ငန်းအတွက် မြေနေရာနှင့် စက်ပစ္စည်းလိုအပ်မှု၊ ရိုးရာလက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် မျက်ပါးရွှေဆိုင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တင်ဒါစနစ်အစား လက်ခစနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် နိုင်ငံတော်မှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးစေလိုမှု၊ စက်မှုဇုန်အတွင်း ရှေ့ပြေးနည်းပညာများ လေ့လာ၍ရသည့် စာကြည့်တိုက်နှင့် သုတေသနစင်တာတစ်ခု တည်ထောင်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်၏ပံ့ပိုးမှု၊ စက်မှုလုပ်ငန်းရှင်များ၏ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုများဖြင့် စက်မှုဇုန်များတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရန်လိုအပ်မှု၊ ကုန်ချောပစ္စည်းများ ပြည်ပမှ တိုက်ရိုက်တင်သွင်းမှုများကြောင့် ပြည်တွင်း ကုန်ချောထုတ်လုပ်သူများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နေမှု၊ ပြည်ပမှကုန်ချောတင်သွင်းမှုအပေါ်တွင် ထိုက်သင့်သည့် အခွန်ငွေများ ကောက်ခံရန်နှင့် ကုန်ကြမ်းပစ္စည်းများတင်သွင်းမှုအပေါ် အခွန်ငွေများ လျှော့ချကောက်ခံမည်ဆိုပါက ပြည်တွင်းကုန်ချော ထုတ်လုပ်မှုအပေါ် အထောက်အကူပြုနိုင်မှု၊ ထုတ်ကုန်များအတွက် Exhibition များ ပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်သစ်များကို ဖန်တီးပေးနိုင်ပြီး ထုတ်လုပ်သူများ အဆင်ပြေစေမည့် အခွန်စနစ်ဆောင်ရွက်ပေးရန်လိုအပ်မှု၊ MRCCI အသင်းနှင့် ညီနောင်အသင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးစက်မှုဇုန်မှထုတ်လုပ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံးယာဉ်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

များအတွက် ရုံးခန်းများ တစုတစည်းတည်း ဖွင့်လှစ်နိုင်ရေး အဆောက်အအုံမြေနေရာအတွက် နိုင်ငံတော်မှ သတ်မှတ်သောနှုန်းဖြင့် မြေနေရာစီစဉ်ပေးနိုင်ရေး အခြေအနေများကို အသီးသီးတင်ပြကြသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့က ဝါနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ အထူးအလေးထားဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုးရေးအတွက် လိုအပ်သည့်သွင်းအားစုများ ရရှိနိုင်ရေး နိုင်ငံတော်မှ ရင်းနှီးငွေများထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တောင်သူများလက်ဝယ်သို့ အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများရရှိရေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူလူထု ဝင်ငွေရရှိရေးတို့အတွက် သမဝါယမစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့်ပတ်သက်၍ နည်းပညာလိုအပ်ချက်များရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် ဗဟိုလုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ပေးထားပြီး အခက်အခဲများရှိပါက ကော်မတီသို့ ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားသည်။

## တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဆောင်ရွက်လျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ တိုးတက်ရေးအတွက် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံး အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းဖြစ်ကြောင်း၊ စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍ သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် စားသောက်ဖွယ်ရာများသာမက တစ်ကိုယ်ရေသုံးပစ္စည်းများသည်လည်း ရိက္ခာတွင်ပါဝင်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်းနေထိုင်သူများက ဆောင်ရွက်ရခြင်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ပေါများရေးနှင့် ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများပေါများရေး၊ သွင်းအားစုများ လုံလောက်စွာရရှိရေး၊ အရင်းအနှီးများရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန် လိုကြောင်း။

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



**စက်မှုလုပ်ငန်း များတွင် ကုန်ကြမ်းသေချာသည့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးဒေသတွင် စိုက်ပျိုးရေး ကုန်ကြမ်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ကြမ်းများ များစွာထွက်ရှိပြီး လိုအပ်သည့် ကဏ္ဍများတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးသွားမည်**

»»» **စာမျက်နှာ ၃ မှ**

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိရေး

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များရှိရန်လိုအပ်ကြောင်း၊ ကုန်ကြမ်းကို ပြည်တွင်း၊ ဒေသတွင်း၌ လုံလောက်စွာရရှိနိုင်ရန် လိုအပ်ကြောင်း၊ သွင်းအားစုနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေ၊ မြေသြဇာ၊ မွေးမြူရေး လုပ်ငန်းအတွက် တိရစ္ဆာန်အစားအစာ၊ စက်မှုလုပ်ငန်းအတွက်လျှပ်စစ် စသဖြင့် ရရှိရန် အရေးကြီးကြောင်း၊ စက်မှုလုပ်ငန်းများအတွက် စွမ်းအင်နှင့် စွမ်းအားများလည်း လိုအပ်ကြောင်း၊ အပူပေးရသည့်လုပ်ငန်းများတွင် လျှပ်စစ်၊ ကျောက်မီးသွေး၊ ဂက်စ်များကို အသုံးပြုကြကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ယခင်ကတည်းက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အရင်းအနှီးများကြီးမားမှုကြောင့် အပိုင်းများခွဲ၍ ဆောင်ရွက်နေရကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့စဉ်တွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းသည် အရင်းအနှီးကြီးမားသော်လည်း ရေရှည်အတွက် ကောင်းမွန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည်လည်း များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မကြာမီကာလအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

လောင်စာဆီများ၊ သဘာဝဓာတ်ငွေ့များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စက်သုံးဆီများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံဖိုးခန့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်းတွင်းရေနံထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ များစွာရှိနေသည့်အပြင် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍လည်း ကမ်းလွန်တွင် ထုတ်လုပ်၍ရသည့် အရင်းအမြစ်များ တွေ့ရှိထားပြီးဖြစ်ကြောင်း၊ ဒီဇယ်ဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်အစားထိုး အသုံးပြုနိုင်သည့် စက်ကိရိယာများကို ပြောင်းလဲအသုံးပြုရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးစနစ်များတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်လည်း သဘောတူညီချက်များ ရရှိထားပြီးဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်သုံး ရထားများနှင့် ဘတ်စ်ကားများကို Public Transportation ကဏ္ဍတွင် ဦးစားပေးပြေးဆွဲနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ဆိုင်ကယ်အစီးရေ ခြောက်သန်းခန့်ရှိကြောင်း၊ နေ့စဉ်ဆီသုံးစွဲမှုများကို လျှော့ချနိုင်မည်ဆိုပါက ပြည်ပမှ စက်သုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကိုအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများအပြင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်၍ရခြင်းကြောင့် အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မန္တလေးမြို့တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းမှုများကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထွက်ကုန်၊ ထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

စက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းသေချာသည့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးဒေသတွင် စိုက်ပျိုးရေးကုန်ကြမ်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ကြမ်းများ များစွာထွက်ရှိပြီး လိုအပ်သည့်ကဏ္ဍများတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ဒေသအလိုက် စိုက်ပျိုးသည့်မျိုးများ တူညီမှုရှိစေရေး အစုအဖွဲ့အလိုက် တတ်နိုင်သမျှ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများ စိုက်ပျိုးကြကြောင်း၊ အဆင့်မီဝါများ ထွက်ရှိရေးအတွက် အရည်အသွေးပြည့်မီသည့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိအောင် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဝါအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ ဝတ်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှု များစွာရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများစွာရှိပြီး အချို့သော မွေးမြူရေးလုပ်ငန်းများသည် မိရိုးဖလာအတိုင်းသာ မွေးမြူကြသည်ကို တွေ့ရှိရကြောင်း၊ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် မွေးမြူမည်ဆိုပါက မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ကြောင်း၊ ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ ငါး မွေးမြူရေးလုပ်ငန်းများမှလည်း စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အရည်အသွေးမြင့် မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

## ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်

စက်မှုကုန်ကြမ်းများအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများနှင့် သစ်ကုန်ကြမ်းများရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ထုတ်လုပ်သည့်ပစ္စည်းများမှာ အရည်အသွေးပြည့်မီရန် လိုအပ်သကဲ့သို့ ထုတ်ကုန်ပစ္စည်းများကို သိရှိစေရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ၊ နည်းပညာများ၊ လူသားအရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံငွေများ လိုအပ်ကြောင်း၊ ထုတ်ကုန်ပြပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုးရေးအတွက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်ပြီး ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံရှိ ကုန်ထုတ်လုပ်မှုများတွင် ပြည်ပမှ ဝင်ရောက်ဆောင်ရွက်ခြင်းထက် မိမိတို့ကိုယ်တိုင် ဦးစီးဆောင်ရွက်မှုများကို အားပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်မှ စိုက်ပျိုးရေးချေးငွေများကို ယခင်ကတည်းက ထုတ်ချေးပေးခဲ့ကြောင်း၊ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသေးသည်များလည်း ရှိကြောင်း၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသည့် ကိုဗစ်-၁၉ ချေးငွေများနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရန်ကာလကို သက်တမ်းတိုးပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုများပြားခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတဘဲ ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကိုလည်း လျှော့နည်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးရန်လိုပြီး တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ဒေသအတွင်း ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရမှုများ နည်းပါးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးစက်မှုဇုန်အတွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှု၊ လက်မှုထုတ်ကုန်၊ တိုင်းရင်းဆေး စသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံးယာဉ်များ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီကုသိုလ်တော်မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးနှင့် ကျောက်စာရုံများ၏ ပုံစံငယ်အသစ်ပြုလုပ်ထားရှိမှု၊ ရင်ပြင်တော်ကြမ်းခင်း၊ အဝင်စောင်းတန်းနှင့် ကျောက်ထက်အက္ခရာတင် ပြာသာဒ်ဆောင်ပတ်လမ်းများ နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ သပ်ရပ်မှုရှိစေရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ စက်မှုဇုန်(၁)အတွင်း လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ စက်မှုဇုန်(၁) အတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ Super Mandalay Co.,Ltd ၏ ဘုရင်ဘီစကွတ်စက်ရုံသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက်စက်ရုံအတွင်း ကုန်ကြမ်းအဆင့်မှထုပ်ပိုးမှုအထိ ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်ကြီးတံခွန်မြို့နယ်ရှိ Super Mandalay Co.,Ltd ၏ ဘုရင် ဘီစကွတ်စက်ရုံအတွင်း ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မောရိယတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းအတွင်း ဆေးဝါးများ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။

## ပိုင်ဖြိုးမြန်မာကုမ္ပဏီ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုင်ဖြိုးမြန်မာကုမ္ပဏီ၏ အောင်နိုင်သူ တွင်နှင့်သံရည်ကျို လယ်ယာသုံးရေပန့် သံမဏိသွန်းထည်လုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးအောင်ဆန်းက ကုန်ကြမ်းစုဆောင်းရရှိမှု၊ ကုန်ကြမ်းမှတစ်ဆင့် သံရည်ကျိုချက်ပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ရေစုပ်ပန့် အပါအဝင် ပန့်အမျိုးမျိုးနှင့် ပန့်အပိုပစ္စည်းများ၊ သတ္တုသွန်းထည်ပစ္စည်းများ၊ ကြိတ်ခွဲရေးလုပ်ငန်းသုံး အပိုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံထည်ပစ္စည်းများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပိုင်ဖြိုးမြန်မာ ကုမ္ပဏီ၏ အောင်နိုင်သူ တွင်နှင့် သံရည်ကျို လယ်ယာသုံးရေပန့် သံမဏိသွန်းထည်လုပ်ငန်းအတွင်း သံထည်ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြစဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မောရိယတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်ဌေးဌေးခိုင်နှင့် စက်ရုံဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒေါက်တာ ဒေါ်ဌေးဌေးခိုင်က လိုက်လံရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံခန်းမတွင် စက်ရုံမှူး ဦးနေဝင်းက မောရိယတိုင်းရင်းဆေးဝါးကိုရှေးယခင်နှစ်ပေါင်း ၁၆၀ မှစ၍ ထုတ်လုပ်ခဲ့မှု၊ လက်ရှိအချိန်တွင် ဆေးဝါးများကို အဆင့်မီစွာဖြင့် ဆက်လက်ထုတ်လုပ်နေမှုအခြေအနေများကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

## နှစ်ပေါင်း ၁၆၀ သက်တမ်းရှိ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ရန်နှင့် ဓာတုဗေဒပစ္စည်းများကင်းစင်စွာဖြင့် ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို ယခုထက်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ယခုမောရိယဆေးဝါးထုတ်လုပ်ရေးသည် နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသဖြင့် စနစ်တကျထိန်းသိမ်းပြီး အောင်မြင်အောင် ဆက်လက် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မောရိယတိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့သည်။

## ထုတ်လုပ်ဖြန့်ချိ

မောရိယ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို ၁၈၆၂ ခုနှစ်တွင် မြန်မာတိုင်းရင်းဆေးဆရာကြီး ဆရာခိုင်ကြီးက စတင် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသည် နှစ်ပေါင်း ၁၆၀ သက်တမ်းရှိပြီဖြစ်ပြီး ယခုအခါ မောရိယမန်းဆေး၊ အကြောပြေဒဏ်ကျေလိမ်းဆေး၊ ချွဲသလိပ်ပျော်ရင်လူးဆေး၊ ရှုလိမ်းဆီ၊ ကွမ်းရွက်အခိုးပွင့်ဆေး၊ သွေးသန့်ဆေး၊ အနာကျက်ဆေးရည်များကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဆောင်းပါး

# သက်ကြီးအမျိုးသမီးများရဲ့စွမ်းပကား ဒို့များအလေးထား

ကိုကွေး (ဘူမိဗေဒ)

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက "သက်ကြီးအမျိုးသမီးများရဲ့ စွမ်းပကား ဒို့များအလေးထား" (The Resilience and Contributions of Older Women) ဆိုသည့် ဆောင်ပုဒ်ကို သတ်မှတ်ပေးထားပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် လက်ရှိတည်ရှိလျက်ရှိသော မညီမျှမှုများနှင့်အတူ လွန်ခဲ့သော သုံးနှစ်အတွင်း အရှိန်အဟုန်နှင့် ကမ္ဘာ့လူသားများ၏ ရင်သန်ရပ်တည်မှုကို ထိုးနှက်တိုက်ခိုက်လျက်ရှိပါသည်။ သက်ကြီးရွယ်အိုများ အထူးသဖြင့် သက်ကြီးအမျိုးသမီးများ၏ ဘဝနေထိုင်မှုဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် တိုက်ရိုက်ဆက်နွှယ်လျက်ရှိသည့် လူမှုစီးပွားရေးဆိုင်ရာများ(Socio Economic)၊ သဘာဝပတ်ဝန်းကျင် (Environmental)၊ ကျန်းမာရေး (Health)နှင့် ရာသီဥတု ပြောင်းလဲမှု(Climate Change) ကိစ္စရပ်များတွင် ပိုမိုဆိုးရွားစွာ ထိခိုက်ခဲ့ပါသည်။



### လျစ်လျူရှုခံနေရဆဲဖြစ်

သက်ကြီးအမျိုးသမီးများသည် နိုင်ငံရေး၊ မြို့ပြအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ဆိုင်ရာနေထိုင်မှုတို့၌ အဓိပ္ပာယ်ပြည့်ဝစွာ စဉ်ဆက်မပြတ်ပါဝင်နေခြင်း၊ ၎င်းတို့၏ အတွေ့အကြုံများဖြင့် အထောက်အကူပြုခဲ့ခြင်းများ ဆောင်ရွက်နေသော်လည်း ကျား/မ တန်းတူညီမျှမှု မရှိသော ခွဲခြားခြင်းများကြောင့် အသိအမှတ်ပြုခြင်းမခံရဘဲ လျစ်လျူရှုခံနေရဆဲဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်မှုနှင့် ကျား/မရေးရာ အခြေခံသော ခွဲခြားဆက်ဆံမှုများ၊ သက်ကြီးရွယ်အိုများကို ဝိုင်းပယ်ထား၍ ခွဲခြားဆက်ဆံသည့်မူဝါဒ (Ageism) များကြောင့် နေ့စဉ်လူမှုဘဝနှင့် လူမှုဝန်းကျင်များတွင် သက်ကြီးရွယ်အိုများ၏ ပါဝင်မှု၊ မျှဝေပေးမှု၊ ပူးပေါင်းဆောင်ရွက်ပေးမှုများကို အထူးသဖြင့် သက်ကြီးအမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြုရန် မေ့လျော့ခြင်းနှင့် အလေးထားမှုမရှိကြောင်း ကမ္ဘာ့နိုင်ငံများတွင် တွေ့ရှိနေရပါသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖွဲသတ္တိခံနိုင်ရည်များဖြင့် ကျော်လွှားနေသော သက်ကြီးအမျိုးသမီးများ၏ အဓိပ္ပာယ်ပြည့်ဝလှသည့် အခန်းကဏ္ဍကို ထင်ဟပ်စေမှုနှင့် ဝိသေသလက္ခဏာတစ်ရပ်အနေဖြင့် မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေး ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများတွင် သက်ကြီးအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုများကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့၏စကားသံများ၊ အမြင်များနှင့် လိုအပ်ချက်များအပေါ် အရေးတယူပြုပြီး အားပေးကူညီမှုရှိသည့် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာအဆင့် စိန်ခေါ်မှုများနှင့် ကမ္ဘာ့ကပ်ရောဂါဘေးများအား အပြည့်အဝတုံ့ပြန်ဖြေရှင်းနိုင်မှု လုပ်ငန်းစဉ်များကို မြှင့်တင်ခြင်းနှင့် ကောင်းမွန်ပြည့်စုံသောမူဝါဒများ ချမှတ်ရာ၌ အလွန်အရေးပါသော အကြောင်းအရာများ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့သည် သက်ကြီးရွယ်အိုများ၏ ပါဝင်မှုကို အသိအမှတ်ပြုနိုင်ရန်အတွက် မူဝါဒဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေချိန်အတွင်း သက်ကြီးအမျိုးသမီးများ၏ စကားသံများအား လက်ခံယုံကြည်ပြီး ၎င်းတို့၏ခံနိုင်ရည်ရှိမှုနှင့် လူမှုဝန်းကျင်အား ထောက်ပံ့ကူညီနေမှုများကို ဖော်ထုတ်ပြသသွားရန် ရည်ရွယ်ထားခြင်းသည် သက်ကြီးရွယ်အိုများအတွက် အရေးတယူလုပ်ဆောင်ချက်တစ်ရပ် ဖော်ဆောင်ပြီး အခွင့်အလမ်းများ ပေါ်လာစေရန်ဖြစ်ပါသည်။

### ရည်ရွယ်ချက်များ

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့၏ ရည်ရွယ်ချက်များအဖြစ် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေးတို့တွင် ဘဝတစ်လျှောက်လုံး မညီမျှမှုများ တွေ့ကြုံခံစားရသော သက်ကြီးအမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုအား မီးမောင်းထိုးပြရန် အသက်အရွယ်နှင့် ကျား/မ ကွဲပြားမှုများနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၏ အရေးပါမှုကို အသိပညာပေးမြှင့်တင်လာစေရန်၊ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာဖြစ်သော ဘုံလုပ်ငန်းစဉ် (Our Common Agenda) တွင် ဖော်ပြထားသည့်အတိုင်း ကျား/မ တန်းတူညီမျှမှုကို သေချာစေမည့် မူဝါဒချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တိုင်းတွင် သက်ကြီးအမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်နိုင်ရန်အတွက် ဖြစ်သည်။

မကြာသေးမီဆယ်စုနှစ်များအတွင်း၌ပင် ကမ္ဘာ့လူဦးရေသည် အံ့ဖွယ်ကောင်းအောင် တိုးပွားလာခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်များအတွင်း လူသားတို့၏ မျှော်မှန်းသက်တမ်းသည် (၄၆) နှစ်မှ (၆၈) နှစ်အထိ မြင့်တက်လာခဲ့ပါသည်။ တစ်ကမ္ဘာလုံးအနေဖြင့် ၂၀၁၉ ခုနှစ်တွင် အသက် (၆၅) နှစ်အထက် သက်ကြီးဦးရေ ၇၀၃ သန်းအထိရှိခဲ့ပါသည်။ အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသများရှိ သက်ကြီးရွယ်အိုဦးရေသည် အများဆုံးပမာဏ ၂၆၁ သန်းအထိ ရှိခဲ့ပြီး ယင်းနောက်တွင် ဥရောပနှင့် မြောက်အမေရိကတို့တွင် သန်းပေါင်း ၂၀၀ ကျော်အထိ ရှိခဲ့ပါသည်။ နောင်လာမည့် ဆယ်စုနှစ်သုံးခုအတွင်း လက်ရှိဦးရေထက် နှစ်ဆခန့် ပိုမိုလာမည်ဟု ခန့်မှန်းရပြီး ၂၀၅၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ အထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသများတွင် ၂၀၁၉ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ၂၆၁ သန်းမှ ၅၇၃ သန်းအထိလည်းကောင်း၊ မြောက်အာဖရိကနှင့် အနောက်အာရှတို့တွင် ၂၉ သန်းမှ ၉၆ သန်းအထိလည်းကောင်း၊ ဆာဟာရ-အာဖရိကနယ်မြေများတွင် ၃၂ သန်းမှ ၁၀၁ သန်းအထိလည်းကောင်း တိုးလာမည်ဟု ခန့်မှန်းထားပါသည်။

### ၄ ဒသမ ၅ သန်းခန့်ရှိ

ကမ္ဘာ့နိုင်ငံများနည်းတူ ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း သက်ကြီးရွယ်အိုတိုးပွားလာမှုမှာ သိသာစွာပြောင်းလဲလာကြောင်း တွေ့ရပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် (၆၀) အထက် အချိုးအဆမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း (၄ ဒသမ ၅ သန်း)ခန့်ရှိကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၂၀ ဒသမ ၂ ရာခိုင်နှုန်းအထိ နှစ်ဆခန့် မြင့်တက်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ကဏ္ဍအားလုံးတွင် သက်ကြီးရွယ်အိုအရေးကို ထည့်သွင်းလုပ်ဆောင်သွားရန် အရေးကြီးကြောင်း တွေ့လာရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူရမည့်အသက်ကို (၆၀) မှ (၆၂) နှစ်အထိ တိုးမြှင့်ပေးလိုက်ခြင်းသည်လည်း တိုးပွားလာသည့် သက်ကြီးရွယ်အိုများအရေးကို နည်းလမ်းတစ်ခုအဖြစ် ဖြေရှင်းခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လူသားအရင်းအမြစ် ထိန်းသိမ်းရာလည်းရောက်ပါသည်။

### အဘွားများလည်း ဦးဆောင်ပါဝင်ဆောင်ရွက်

တိုးပွားလာသော သက်ကြီးရွယ်အိုများကို နိုင်ငံ့အကျိုးအတွက် မည်ကဲ့သို့ ရယူဆောင်ရွက်ရမည်ဆိုသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒရေးဆွဲခြင်း၊ သက်ကြီးရွယ်အိုဥပဒေကို ရေးဆွဲခြင်း၊ သက်ကြီးလူမှုရေးပင်စင်ကို လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အောက်မှ ဆောင်ရွက်ပေးခြင်း၊ စေတနာရှင်များ တည်ထောင်ထားပြီး အသိအမှတ်ပြုပြီးသော ဘိုးဘွားရိပ်သာများအား ထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အိုများ ကိုယ်တိုင်ဦးဆောင်ပြီး ထိခိုက်လွယ်အုပ်စုများဖြစ်သည့် မသန်စွမ်းသူများ၊ အခြားသောအုပ်စုများအား တက်ကြွစွာပါဝင်စေသော အဖွဲ့ပုံစံဖွဲ့စည်းထားသည့် လူမှုအားမာန်အဖွဲ့များ (Inclusive Self–Help Groups– ISHGS)ကို ထောက်ပံ့ပေးသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအဖွဲ့၏လုပ်ငန်းများတွင် သက်ကြီးအဘိုးများနည်းတူ အဘွားများလည်း ဦးဆောင်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအစီအစဉ်သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများစောင့်ရှောက်ရေးအဖွဲ့တို့ ၂၀၀၉ ခုနှစ်ကစတင် အကောင်အထည်ဖော်ခဲ့သော သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (Older People Self–Help Group– OPSHG) ပုံစံမှ အစပြုခဲ့ခြင်းဖြစ်ပြီး ကျေးရွာများအခြေခံသော အဖွဲ့တစ်ခုဖြစ်ပါသည်။ လှုပ်ရှားနိုင်သော၊ ပါဝင်ဆောင်ရွက်နိုင်သော သက်ကြီးရွယ်အိုများက မိမိဒေသအလိုက် အသေးစား ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ပြီး ရရှိလာသော အကျိုးအမြတ်များကို သက်ကြီးရွယ်အိုအပါအဝင် ကျေးရွာရှိလိုအပ်သောနေရာများတွင် ထည့်ဝင်ဆောင်ရွက်ပေးသောအစီအစဉ် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် အဆိုပါအဖွဲ့ထဲ၌ အခြားသောထိခိုက်လွယ်အုပ်စုဖြစ်သည့် မသန်စွမ်းအုပ်စုများ၊ လူငယ်အဖွဲ့များ ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ■

- ❖ သက်ကြီးအမျိုးသမီးများသည် နိုင်ငံရေး၊ မြို့ပြအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ဆိုင်ရာနေထိုင်မှုတို့၌ အဓိပ္ပာယ်ပြည့်ဝစွာ စဉ်ဆက်မပြတ်ပါဝင်နေခြင်း၊ ၎င်းတို့၏အတွေ့အကြုံများဖြင့် အထောက်အကူပြုခဲ့ခြင်းများ ဆောင်ရွက်နေသော်လည်း ကျား / မ တန်းတူညီမျှမှုမရှိသော ခွဲခြားခြင်းများကြောင့် အသိအမှတ်ပြုခြင်းမခံရဘဲ လျစ်လျူရှုခံနေရဆဲဖြစ်
- ❖ သက်ကြီးအမျိုးသမီးများ၏ ဘဝတစ်လျှောက် မိသားစုအလိုက်၊ ဒေသရပ်ရွာအလိုက် ပေးဆပ်ခဲ့မှုများ၊ အမျိုးမျိုးသော အခက်အခဲများ ရင်ဆိုင်ကျော်လွှားပြီး ကြံ့ကြံ့ခံနိုင်မှုများကို အလေးထား အသိအမှတ်ပြုကြရင်း သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့ ချီတက်ကြပါစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မင်းကင်းမြို့နှင့် ကလေးဝမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မင်းကင်းမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှိ မင်းရာဇာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မင်းကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကလေးဝမြို့ရှိ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တမာဃိန္ဒ အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကလေးဝမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများကို တွေ့ဆုံအမှာစကားပြောကြားသည်။ ယင်းနောက် ကလေးဝမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၆ မှ

### ရပ်ရွာအကျိုးပြုပုံစံတစ်ခုဖြစ်

အဆိုပါလူမှုအားမာန်အဖွဲ့ (ISHG) အဖွဲ့ဝင် လူကြီးလူငယ်များ အပြန်အလှန် မှီခိုလုပ်ဆောင်ခြင်းဖြင့် သက်ကြီးသက်ငယ်များအကြား ပိုမိုနားလည်စေခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်စေပါသည်။ တစ်နည်းအားဖြင့် သက်ကြီးရွယ်အိုများ၏ အတွေ့အကြုံ ဗဟုသုတပညာရပ်များနှင့် လူငယ်တို့၏ လုပ်အားပေါင်းစပ်ထားသည့် ရပ်ရွာအကျိုးပြုပုံစံတစ်ခု ဖြစ်ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဘိုးဘွားရိပ်သာ ၉၂ ခုအတွက် ဆန်ဖိုးငွေစရိတ်၊ ဝတ်စုံစရိတ်၊ ဂေဟာမှူးလစာများအတွက် ၃၁၄ ဒသမ ၁၁၂ သန်း၊ ISHG အဖွဲ့ဝင်တစ်ဖွဲ့လျှင် ၁၀ သိန်းနှုန်းဖြင့် ၂၂၂ သန်း၊ အသက် (၈၅) နှစ်အထက် ဘိုးဘွား ၂၃၂၇၀၃ ဦးအား ၁၄၀၇၅ ဒသမ ၀၁၀ သန်း ထောက်ပံ့ပေးလျက်ရှိပါသည်။ လက်ရှိတွင် ISHG အဖွဲ့ ၂၂၂ ဖွဲ့ ဖွဲ့စည်းထားပြီး ၆၀၀ အထိ ဖွဲ့စည်းနိုင်ရန် စီစဉ်ထားသည်။

နိုင်ငံတော်အနေဖြင့် ထိုကဲ့သို့ တိုးပွားလာသော သက်ကြီးရွယ်အိုများအတွက် မူဝါဒများ၊ မဟာဗျူဟာများ၊ ဥပဒေ၊ နည်းဥပဒေအပြင် မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေပေါ်မူတည်၍ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။

### စွမ်းရည်များ ကျန်ရှိနေသေး

သက်ကြီးရွယ်အိုအများစုမှာ ၎င်းတို့၏ စွမ်းရည်များ ကျန်ရှိနေသေးသည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်နေရမည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ နေ့စဉ်လူနေမှုဘဝတွင် သက်ကြီးအမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မေ့ထား၍မရပါ။ အိမ်ထောင်စုတွင်လည်းကောင်း၊ ရပ်ကွက်များတွင်လည်းကောင်း၊ အဖွဲ့အစည်းများတွင်လည်းကောင်း အသက်အရွယ်ကြီးရင့်သူများကို စွမ်းဆောင်နိုင်မှုမရှိဟု ထင်မြင်ကာ ပါဝင်ဆောင်ရွက်ခွင့်မပေးလိုကြပါ။ အထူးသဖြင့် သက်ကြီးအမျိုးသမီးများကို ပိုမိုခွဲခြားလေ့ရှိကြပြီး ပါဝင်ဆောင်ရွက်စေလိုခြင်းမရှိကြပါ။ သို့သော် ထိုသက်ကြီးအမျိုးသမီးများသည် သက်ဆိုင်ရာမိသားစု၊ ဒေသရပ်ရွာအကျိုးအတွက် ပါဝင်ဆောင်ရွက်နေမှုများ၊ ကြံ့ကြံ့ခံရပ်တည်နိုင်ရေး ကြိုးပမ်းနေမှုများကို အလေးမမူမိသည်ကို တွေ့ရပါသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများကြောင့် ခံစားရသည့် လူမှုအခက်အခဲများ၊ ဘေးအန္တရာယ်များ၊ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာရသည့် အခက်အခဲများကို ကျော်လွှားရာတွင် သက်ကြီးရွယ်အိုများ၏စွမ်းရည်ကို ရယူအသုံးချနိုင်ရေးနှင့်အခန်းကဏ္ဍကို သေချာထည့်သွင်းနေရာပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

အိမ်ထောင်စုအလိုက် စီးပွားရေးလုပ်ငန်းများကအစ အိမ်ထောင်မှုထိန်းသိမ်းခြင်း၊ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ နေ့စဉ်စားဝတ်နေရေးအတွက် စီမံခန့်ခွဲခြင်း အပါအဝင် အရေးပါသောလုပ်ငန်းများကို သက်ကြီးအမျိုးသမီးများ ဦးဆောင်ပါဝင် ဖြေရှင်းပေးလျက်ရှိနေသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်သည် အဆိုပါသက်ကြီးအမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်မှုနှင့် ကူညီပံ့ပိုးနိုင်မှုများကို မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။

### ပါဝင်ဆောင်ရွက်စေလိုခြင်း မရှိကြောင်းတွေ့ရ

ကျွန်တော်တို့နိုင်ငံတွင် အဘိုးအဘွားများကို တန်ဖိုးထားအလေးထားကြသည်မှာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။ သို့သော် စေတနာဖြင့်လည်းကောင်း၊ စွမ်းဆောင်နိုင်ခြင်းမရှိဟု ထင်မြင်၍လည်းကောင်း ရပ်ရေးရွာရေးများနှင့် မိသားစုရေးရာများတွင် သက်ကြီးရွယ်အိုများ အထူးသဖြင့် သက်ကြီးအမျိုးသမီးများကို ပါဝင်ဆောင်ရွက်စေလိုခြင်း မရှိကြောင်း တွေ့ရပါသည်။ ထိုအခါ ဘေးဖယ်ကာ အပိုဖြစ်သွားပြီး ၎င်းတို့တွင် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံ၊ ဗဟုသုတများ၊ စွမ်းဆောင်ရည်များကို လက်လွှတ်ဆုံးရှုံးကာ ခွဲခြားဆက်ဆံရာလည်း ရောက်မည်ဖြစ်ပါသည်။

သို့ပါ၍ ဒေသရပ်ရွာအကျိုး၊ မိသားစုအကျိုး ဆောင်ရွက်ကြရာတွင် သက်ကြီးသက်ငယ် အတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သက်ကြီးများ၏ ဆင်ခြင်တုံတရား၊ အတွေ့အကြုံကို လူငယ်တို့၏ စွမ်းအားများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပါက အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြရပါလျှင် မိသားစုအလိုက်၊ ဒေသရပ်ရွာအလိုက် တိုးပွားလာသော သက်ကြီးရွယ်အိုများအရေးကို အပြုသဘောဂုဏ်ဆောင်ရရှိရေး ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ယင်းကို တာဝန်တစ်ရပ်အဖြစ် ရယူရမည်ဖြစ်ပြီး တစ်နည်းအားဖြင့် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း ဖြစ်ပါသည်။ သက်ကြီးအမျိုးသမီးများ၏ ဘဝတစ်လျှောက် မိသားစုအလိုက်၊ ဒေသရပ်ရွာအလိုက် ပေးဆပ်ခဲ့မှုများ၊ အမျိုးမျိုးသောအခက်အခဲများ ရင်ဆိုင်ကျော်လွှားပြီး ကြံ့ကြံ့ခံနိုင်မှုများကို အလေးထား အသိအမှတ်ပြုကြရင်း သက်ရွယ်စုံညီလူ့ဘောင်ဆီသို့ ချီတက်ကြပါစို့ဟု ပြောကြားအပ်ပါသည်။ ။

---

## မြန်အောင်ခရိုင် ဆောင်းရာသီ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း ဝန်ထမ်းနည်းပညာပေးသင်တန်းဖွင့်

မြန်အောင် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများအား ဆောင်းရာသီ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း ဝန်ထမ်းနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြန်အောင်မြို့နယ် ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လှိုင်က သင်တန်းတွင် နေကြာမျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာ၊ နေကြာသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် အပင်ပြုစုစောင့်ရှောက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်း၊ နေကြာသီးနှံတွင်ကျရောက်တတ်သော အင်းဆက်ဖျက်ပိုးများ၊ ရောဂါများနှင့် ဘက်စုံကာကွယ်နှိမ်နင်းနည်း၊ ဓာတ်မြေသြဇာအသုံးပြုမှုအခြေအနေ စသည်တို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် သင်တန်းနည်းပြဆရာများ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်း ၄၁ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**



## ရမည်းသင်းမြို့၌ လျှပ်စစ်အခြေခံပညာသင်တန်းဆင်း

ရမည်းသင်း စက်တင်ဘာ ၂၉

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ရွှေသင်း-လျှပ်စစ်နှင့် စက်မှုလက်မှုအတတ်ပညာရှင်အသင်းတို့ ပူးပေါင်းဖွင့်လှစ်သော လျှပ်စစ်အခြေခံပညာ (ကျေးရွာလိုင်းမင်း) သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ရွှေသင်းဘိုးဘွားရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြင့်တိုး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်၊ လျှပ်စစ်အခြေခံပညာသင်တန်းသား ၆၂ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် နှစ်သိမ့်ဆုရသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ပြီး သင်တန်းမှူး၊ လျှပ်စစ်ကျွမ်းကျင်အကူအဆင့် ဦးတင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး(၂) စဝ်စိုင်းဆုတို့ တက်ရောက်ကြသည်။



တတိယနေ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများမှရရှိထားသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁)၊(၂)နှင့် (၃) ပါ သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က အသေးစိတ်ရှင်းလင်းပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ရပ်နားခဲ့သည်။ စတုတ္ထနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၂)ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဦးဆောင်၍ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက်




ဆက်လက်အကောင်အထည်ဖော်ရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

# ကျောက်ဖြူခရိုင်၏ ဆောင်းသီးနှံနေကြာ သီးသန့်(သီးထပ်) ကေပြည့်မီရေးတာဝန်ပေးအပ်ပွဲ ကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၂၉**

ပြည်သူများ၏ စားရေရိက္ခာ စားသုံးဆီ ဖူလုံစွာရရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံနေကြာ သီးသန့်(သီးထပ်) ကေပြည့်မီရေးတာဝန်ပေးအပ်ပွဲအခမ်းအနားကို ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဆောင်းသီးနှံနေကြာ တာဝန်ပေးအပ်လွှာများကို မြို့နယ်သုံးမြို့နယ်မှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံသို့ အသီးသီးပေးအပ်ခဲ့သည်။




အဆိုပါ တာဝန်ပေးအပ်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူ၊ ရမ်းဗြဲနှင့် ကျောင်းကုန်းမြို့နယ်တို့မှ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျောက်ဖြူခရိုင်အနေဖြင့် ဆောင်းသီးနှံနေကြာစိုက်ပျိုးရန် သီးသန့်(သီးထပ်) ၁၉၆၆၄ ဧက လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျောက်ဖြူ(ပြန်/ဆက်)**

# ဂွမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ဂွ စက်တင်ဘာ ၂၉**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အထက တောင်ပေါက်ကျောင်း၌ ကျင်းပခဲ့သည်။

**ကြည့်ရှုလေ့လာ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ရာ ပထမဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးလုပ်သားအများဆုံး တွေ့ရှိနိုင်သော နိုင်ငံများနှင့် လုပ်ငန်းများ၊ ကလေးအလုပ်သမားများဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ကလေးအလုပ်သမားများအား ကျောင်းပြင်ပပညာသင်ခွင့်ရရှိရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့်သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေးစီမံဆောင်ရွက်ပေးရန် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ စသည့်အသိပညာပေးခြင်းလုပ်ငန်းများကို ဆွေးနွေးဟောပြောပြီး ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကျင်းပမည့် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပဒေသာကပွဲ ကျင်းပမည့်နေပြည်တော်မြို့တော် ခန်းမ လဟာပြင်ကဇာတ်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌတို့သည် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံအနီးရှိ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးပြောကြားရာတွင် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကြီးကို နေပြည်တော်၌ ငါးရက်ကြာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပမည့်နေရာကို ယနေ့တွင် မြေပြင် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ တိုင်ပင်ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ပဒေသာကပွဲကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့၊ အဖွဲ့အစည်း တစ်ခုအတွက် ကျင်းပခြင်းမဟုတ်ဘဲ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ပြည်သူများအားလုံးအတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ အနုပညာရှင်များ၊ ပြည်သူများအားလုံးက လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နားလည်မှု စေတနာအရင်းခံတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကျင်းပမည့် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။

**ပူးပေါင်းပါဝင်**

ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ဝန်ထမ်းများက ပူးပေါင်းပါဝင် ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်ပြီး တစ်နေ့လျှင် လေးနာရီခန့်ကြာမြင့်မည်ဟု လျာထားပါကြောင်း၊ ယခု ပဒေသာကပွဲကို ထူးခြားသည့် တင်ဆက်မှုများဖြင့် ကပြဖျော်ဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိုဗစ် - ၁၉ ကြောင့် ရပ်နားထားရသည့် နောက်ပိုင်း အနုပညာရှင်များ ပြန်လည်စုစည်း ဖျော်ဖြေတင်ဆက်သည့် ပထမ ဆုံးပွဲတစ်ပွဲလည်း ဖြစ်ပါကြောင်း၊ ကိုဗစ် - ၁၉ ကြောင့် စိတ်ညစ်ညူး နေသည့် ပြည်သူများကို အနုပညာရှင်များက လေးနက်သည့် အနှစ်သာရများဖြင့် စိတ်အပန်းပြေစေရန်၊ စိတ်ရွှင်လန်းတက်ကြွစေရန် ဆောင်ရွက်နိုင်သည့် ပွဲဟုလည်း ဆိုချင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လွတ်လပ်ရေး၏ အနှစ်သာရနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပဒေသာကပွဲကြီး ကျင်းပနိုင်ရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ၊ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များသည် ပဒေသာကပွဲ ကျင်းပမည့် လဟာပြင်ကဇာတ်ရုံအတွင်း မီးဆလိုက်ဆင်မည့် နေရာများ၊ တီးဝိုင်းအဖွဲ့ထားရှိမည့် နေရာများ၊ ဇာတ်စင်အနေအထား၊ အဝတ်အစား လဲမည့်ခန်းမ၊ နေထိုင် စားသောက်ရေးနေရာများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု၌ အားကစားနှင့်ကာယပညာသိပ္ပံနှင့် ကန်သုံးဆင့် အဆင့်မြင့်ရေကူးကန် တည်ဆောက်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု၌ အားကစားနှင့် ကာယပညာသိပ္ပံနှင့် ကန်သုံးဆင့် အဆင့်မြင့်ရေကူးကန်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ အားကစားနှင့်ကာယပညာသိပ္ပံ တည်ဆောက်မည့်မြေနေရာ ဧက၅၀ နှင့် ကန်သုံးဆင့် အဆင့်မြင့်ရေကူးကန် တည်ဆောက်မည့် မြေနေရာသို့ အာကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းရှိ ဘောလုံး အားကစားကွင်း အရှေ့ဘက်ပေ(၁၂၀x၂၀) နှစ်ထပ်ပွဲကြည့်စင်တည်ဆောက်နေမှု၊ အိပ်ဆောင်တည်ဆောက်မည့်မြေနေရာနှင့် မိုးလုံလေလုံ(ပြည်သူ့အားကစားရုံ) တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဆွေးနွေးကြပြီး အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်တိုင်ဘောလုံးအားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး Ayeyawaddy United FC မှ ဘောလုံးအားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး အဖွဲ့အစည်းဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် စည်းလုံးညီညွတ်မှုရှိရန်နှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် ကူညီဖေးမဆောင်ရွက် လုပ်ကိုင်ကြရန်လိုကြောင်း၊ အခက်အခဲများနှင့် အခြားလိုအပ်သည်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေးတင်ပြနိုင်ကြောင်း၊ မိမိအနေဖြင့် အတတ်နိုင်ဆုံးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ် မြို့မအားကစားကွင်း၊ နောင်ရိုး အားကစားခန်းမ(၂)နှင့် မြရောရေကူးကန်တို့ကို လည်းကောင်း၊ အိမ်မဲမြို့နယ် ရွှေလင်းယုန် အားကစားခန်းမနှင့် ဘောလုံးအားကစားကွင်း၊ သာပေါင်းမြို့နယ် ဘောလုံးအားကစားကွင်းတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန်၊ သာပေါင်းမြို့နယ် ဘောလုံးကွင်းတွင် ပွဲကြည့်စင်အသစ်တစ်ခု ထပ်မံဆောက်လုပ်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး စက်တင်ဘာ ၂၉**

ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ကဝမြို့နယ် အလယ်ရွာကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ကွန်ကရစ်လမ်းကို မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ် ၂၃ ဒသမ ၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၂၄၀ နှင့် လူဦးရေ ၁၇၄၀ ခန့်တို့ကို အကျိုးပြုကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ဖရဲခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်၍ ကျေးရွာ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းတိုးတက်မှုအခြေအနေများနှင့် Cash For Work (CFW) စီမံကိန်းဖြင့် မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်း (ဝဲပုံ) ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

၂၂၂

# ရေရှည်စိမ်းလန်း၍တည်တံ့သော ရေကြောင်းအနာဂတ်အတွက် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံဆောင်ရွက်





**နေပြည်တော် စက်တင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)တွင် ကျင်းပသည့် "၂၀၂၂ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ( World Maritime Day 2022 ) အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံဌာနအကြီးအမှူးများ၊ တာဝန်ရှိသူများ၊ ရေကြောင်းဘက်ဆိုင်ရာ ပြည်တွင်းအဖွဲ့အစည်းများဖြစ်သော ပင်လယ်ရေကြောင်းသင်္ဘောလိုင်းကုမ္ပဏီများ၊ မြန်မာသင်္ဘောသားများအဖွဲ့အစည်း၊ ဆိပ်ကမ်းဝန်ဆောင်မှုကုမ္ပဏီများ၊ ရေကြောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်အသင်း စသည်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ဂုဏ်ပြုထွန်းညှိသွားမည်

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို အပြည်ပြည်ဆိုင်ရာရေကြောင်း အဖွဲ့ချုပ် (IMO)မှ ကြီးမှူး၍ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များအပေါ် အထူးဂရုပြုဆောင်ရွက်လာနိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်တစ်ပြိုင်တည်းကျင်းပကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ယနေ့ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရေကြောင်းနှင့်ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ် ရောင်စုံမီးများကိုလည်း ဂုဏ်ပြုထွန်းညှိသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၂ခုနှစ်ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်သည် **"ရေကြောင်းပတ်ဝန်းကျင်စိမ်းလန်းဖို့ နည်းပညာသစ်များအသုံးပြုစို့ (New Technologies for Greener Shipping)"** ဟူ၍ ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုး၍ ပိုမိုစိမ်းလန်းသော ရေကြောင်းလုပ်ငန်းကို အသုံးပြုခြင်းသည် ရေကြောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် အလုံးစုံတိုးတက်စေရေးအတွက် အလားအလာများစွာကို ဖော်ဆောင်ပေးကြောင်း၊ ဤသို့ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နည်းပညာသာမက ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးသည်လည်း မလွဲမသွေလိုအပ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့်လည်း ရန်ပုံငွေနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို ထိရောက်အောင် ကူညီပံ့ပိုးပေးရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်းသော် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့အကြားတွင် လည်းကောင်း နည်းပညာများ လက်ဆင့်ကမ်း၍ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရေရှည်စိမ်းလန်း၍ တည်တံ့သော ရေကြောင်းအနာဂတ်အတွက် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ IMO အတွင်းရေးမှူးချုပ် Mr. Kitack Lim ထံမှ ပေးပို့သော Video Message ကို ပြသသည်။

### အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ ရောက်ရှိပြီး ဌာနအလိုက်မှတာဝန်ခံများက လုပ်ငန်းဆိုင်ရာ စွမ်းဆောင်နိုင်မှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဈေးကွက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသည့်အဆင့်ကို ရေရှည်ထိန်းသိမ်းနိုင်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးကုမ္ပဏီများနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ပြီး Business to Business ဝန်ဆောင်မှုများ ဆက်လက်တိုးချဲ့ဆောင်ရွက်ရေး၊ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် မဟာဗျူဟာထားရှိအကောင်အထည်ဖော်သွားရေး၊ Sim Card စနစ်တကျမှတ်ပုံတင်ရမည့် မူဝါဒသတ်မှတ်ချက်များကို အလေးအနက်ထား၍ တိကျစွာစိစစ်ဆောင်ရွက်ပေးရေး မှာကြားပြီး ဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်စာတိုက်ကြီးသို့ရောက်ရှိပြီး ချောစာ၊ ချောထုပ်လက်ခံထုပ်ပိုးမှု၊ သယ်ယူဖြန့်ဝေရေးနှင့် ချောစာ၊ ချောထုပ်များ လက်ခံရာတွင် သေချာစွာ စစ်ဆေးရာဖွေရေး လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီးနောက် ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်၏ အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က ယခုပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု၊ ကျောင်းဆောင်များ၊ သရုပ်ပြခန်းများ၊ စာကြည့်တိုက်နှင့် အားကစားဆိုင်ရာ တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်များ စနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လုံခြုံရေးနှင့် ဝန်ထမ်းများသက်သာချောင်ချိရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများအား စာသင်ခန်းများတွင် နည်းပြဆရာများသင်ကြားမှု ပိုမိုအဆင်ပြေချောမွေ့အောင် စီစဉ်ပေးစေရေး၊ သင်ထောက်ကူပစ္စည်း လိုအပ်သလို ဖြည့်ဆည်းပေးရေး၊ စာသင်ခန်းများ အလင်းရောင်ပိုမိုရရှိရေး၊ ဘာသာရပ်အလိုက် သက်ဆိုင်သည့်ဌာနများမှ ကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ အချိန်ပိုင်းသင်ကြားပို့ချနိုင်ရန် ညှိနှိုင်းရေးလိုအပ်ချက်များကို မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု၊ ကျောင်းဝင်းအတွင်းသန့်ရှင်းသပ်ရပ်မှု၊ ရေယာဉ်အမြန်နှုန်း တိုင်းတာတွက်ချက်သည့် Towing Test Tank လက်တွေ့ဆောင်ရွက်မှု၊ စာကြည့်တိုက်ရွှေ့ပြောင်းပြီးစီးမှု၊ တက္ကသိုလ်ဝင်းအတွင်း ပလက်ဖောင်းပြုပြင်မှုနှင့် ဘောလုံးကွင်းနှင့် ဘတ်စကက်ဘောကွင်းများ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ္သာတမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ဟသ္သာတ စက်တင်ဘာ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ္သာတမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၂)ဖြင့်ပြုလုပ်ပေးခဲ့သည့်အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဟသ္သာတမြို့ သုံးပင်ကွင်းရပ် ဆယ်ထပ်ကြီးဘုရားတန်ဆောင်း၌ ယမန်နေ့က ကျင်းပခဲ့သည်။



### ပေးအပ်

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ္သာတခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဝေက မိမိတို့ဌာနအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့်ရပ်ကွက်၊ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးနေကြောင်း၊ ပြည်သူများ၏ ကိုယ်ရေးမှတ်တမ်းများကိုလည်း e-ID စနစ်ဖြင့် ထည့်သွင်းဆောင်ရွက်နေကြောင်း၊ အလားတူ အခြေခံလူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ကတ်ပြားပျောက်ဆုံး/ပျက်စီးမှုမရှိစေရေးနှင့် စနစ်တကျ ကိုင်တွယ်အသုံးပြုရမည့် နည်းစနစ်များကို အသိပညာပေး ပြောကြားခဲ့သည်။ ထို့နောက် ခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သုံးပင်ကွင်းရပ်ကွက်အတွင်းမှ ပြည်သူများထံ လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပန်းခင်းစီမံချက်ကာလအတွင်း ကျန်ရှိနေသေးသော ပြည်သူများကို ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင်ထံမှ သိရသည်။

**ကိုဇော် (ဟသ္သာတ)**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ Fitness Dance သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁)ရပ်ကွက် အမှတ်(၁၈)အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် အင်းစိန်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သော အခြေခံ Fitness Dance သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန အင်းစိန်ခရိုင်အား/ကာမှူး (လက်ထောက်ညွှန်ကြားရေးမှူး)ဒေါ်ယဉ်မူခိုင်က သင်တန်းဆင်းကျောင်းသူများအား သင်တန်းဆင်းလက်မှတ်ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးဇော်သိန်းထွန်းက သင်တန်းနည်းပြ ဒေါ်ခိုင်ဇာဝေအား ဂုဏ်ပြုချီးမြှင့်ငွေကို လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က သင်တန်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို အလက(၁၈) ထခွဲကျောင်းခန်းမ၌ လေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေတောင်စုခေတ်မီစံပြကျေးရွာ၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**အင်္ဂပူ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ရွှေတောင်စုခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းထိုးနှံပေးခဲ့သည်။

အဆိုပါခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဇာနည်အောင် ဦးဆောင်သော ဝန်ထမ်းများက ကျေးရွာအရောက်ကွင်းဆင်းထိုးနှံပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# (၂၃)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ






နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ Video Conference ဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လိုအပ်သည့် နည်းဥပဒေများထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအရ စစ်ဆေးစည်းကြပ်နိုင်သည့် လုပ်ငန်းနယ်ပယ် ပိုမိုများပြားလာသည့်အတွက် လုပ်ငန်းနယ်ပယ်အသီးသီးမှ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ပိုမိုကာကွယ်စောင့်ရှောက်ပေးနိုင်မည် ဖြစ်ကြောင်း။

အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်သည် ဒေသတွင်းကုန်ထုတ်စွမ်းအားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးများတွင် လွန်စွာအရေးပါသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ ရည်မှန်းချက်များ အောင်မြင်စေရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သော်လည်း အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားပြီး အောင်မြင်မှုများရရှိသည်အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးမှ ထွက်ပေါ်လာမည့် ရလဒ်ကောင်းများကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ လုပ်သားထုကို ပိုမိုကောင်းမွန်သောလူနေမှုဘဝများ ရရှိစေရန်၊ ဘေးအန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်များ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် ကျရောက်သည့် (၂၃)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံက တတိယအကြိမ်မြောက် အိမ်ရှင်အဖြစ် အလှည့်ကျလက်ခံကျင်းပခွင့်ရခြင်းဖြစ်သည်။

(၂၃)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အခမ်းအနားများကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ်၊ ASEAN–OSHNET အတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ (International Association of Labour Inspection–IALI)၊ တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန (MEM)၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာန (Ministry of Health, Labour and Welfare, Japan – MHLW) မှ ကိုယ်စားလှယ်များ၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအေဂျင်စီ (Korea Occupational Safety and Health Agency – KOSHA) မှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများမှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း ၄၄ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ (၂/၂၀၂၂) ညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် စက်တင်ဘာ ၂၉

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး(၂/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါအစည်းအဝေး၌ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကာကွယ်တားဆီးရေးကော်မတီအနေဖြင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃)ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည့် ကာကွယ်တားဆီးရေးကော်မတီရုံးအဖွဲ့ ဖွဲ့စည်းပုံ(မူကြမ်း)နှင့် လုပ်ငန်းတာဝန်များ(မူကြမ်း) တို့ကို အတည်ပြုချမှတ်နိုင်ရန်၊ လုပ်ငန်းစီမံချက်တွင် ပါရှိသည့် လုပ်ငန်းစဉ်တို့အား ဆောင်ရွက်ရာတွင် လိုအပ်မည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးညှိနှိုင်းရန်ရည်ရွယ်ပြီး ယနေ့ ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါသည့် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားဆိုင်ရာ Helpline ဖုန်းနံပါတ်၊ 4Digit 1566 ကို ပြည်သူလူထုအနေဖြင့် သိရှိတိုင်ကြားနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အခါအားလျော်စွာ ထုတ်ပြန်ကြေညာလျက်ရှိနေပြီဖြစ်ပါကြောင်း၊ လက်ရှိ အရှိန်အဟုန်ရရှိနေသည့် အပြုသဘောဆောင်သော တိုးတက်မှုတို့ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ကာကွယ်တားဆီးရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကာကွယ်တားဆီးရေးကော်မတီ ရုံးအဖွဲ့ ဖွဲ့စည်းပုံ(မူကြမ်း)နှင့် လုပ်ငန်းတာဝန်များ (မူကြမ်း) တို့ကို ရှင်းလင်းတင်ပြသည်။ **သတင်းစဉ်**

# မျိုးသစ်မျိုးကွဲ စုစုပေါင်း (၂၈)မျိုးကို မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးဆွေးနွေး




နေပြည်တော် စက်တင်ဘာ ၂၉

စမ်းသပ်စိုက်ပျိုးသီးနှံ (၃)မျိုး၏ မျိုးသစ်မျိုးကွဲ (၁၂)မျိုးနှင့် အချက်အလက် စုစည်းတင်ပြထားသော သီးနှံ (၁၃)မျိုး၏ မျိုးသစ်မျိုးကွဲ (၁၆)မျိုး စုစုပေါင်း (၂၈)မျိုးတို့ကို မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ(NSC)၏ (၂၃)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC) ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောင်းလဲလာသော မျိုးစေ့ဈေးကွက်နှင့်အညီ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိပြီး အရည်အသွေး စံချိန်စံညွှန်းများနှင့် ညီညွတ်သည့် တန်ဖိုးမြှင့် အရည်အသွေးကောင်း မျိုးစေ့များကို ဈေးနှုန်းချိုသာစွာသုံးစွဲနိုင်ရေးအတွက် ပြည်ပမှ မျိုးစေ့များ တင်သွင်းခြင်း လုပ်ငန်းအပြင် ပြည်တွင်း မျိုးစေ့ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးအတွက်ဖြေလျှော့ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့သည့်ကိစ္စရပ်များ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်နေသောကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သီးနှံအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ထုတ်လုပ်နိုင်ရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အရည်အသွေးပြည့်မီသော မျိုးစေ့များကို တောင်သူလယ်သမားများ လိုအပ်ချိန်တွင် သင့်တော်သောနှုန်းထားဖြင့် ရရှိအသုံးပြုနိုင်ရန် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (National Seed Related Committee – NSC)က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် အစိုးရဌာနနှင့် ကုမ္ပဏီများမှ တင်ပြလာသည့် သီးနှံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများက တင်ပြလာသည့် သီးနှံမျိုးသစ်များကို မျိုးသစ်အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရန် သီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များ (Technical Working Groups – TWGs) နှင့် မျိုးစေ့ကျွမ်းကျင်မှု ဆိုင်ရာ ကော်မတီ (Technical Seed Committee – TSC)တို့က မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်တင်ပြချက်အပေါ် သုံးလတစ်ကြိမ် ကျင်းပသည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးများတွင် သုံးသပ်ဆွေးနွေးဆောင်ရွက်ကြသည်။

(၂၂)ကြိမ်မြောက် အစည်းအဝေး ပြီးဆုံးချိန်အထိ သီးနှံ (၇၆)မျိုး၏ မျိုးကွဲ (၁၄၀၃) မျိုးနှင့် မိဘမျိုးလိုင်း ၁၆၈ စုံ စုစုပေါင်း ၁၅၇၁ မျိုးကို စိစစ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၇၀၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၇၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၅၆,၄၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၂,၈၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၇,၈၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၈) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၁၀၄၁၁၃ | ၉၄၈၅၅၇၄၉ | ၁၀၈၃၇၉၈ |
| ၂။ | အိန္ဒိယ | ၄၄၅၈၃၃၆၀ | ၄၄၀၁၃၉၉၉ | ၅၂၈၆၁၁ |
| ၃။ | ပြင်သစ် | ၃၅၂၉၁၅၈၄ | ၃၄၅၀၈၀၆၁ | ၁၅၅၀၄၅ |
| ၄။ | ဘရာဇီး | ၃၄၆၉၆၈၆၃ | ၃၃၈၃၈၆၃၆ | ၆၈၅၉၇၈ |
| ၅။ | ဂျာမနီ | ၃၃၂၁၆၀၀၆ | ၃၂၂၈၄၂၀၀ | ၁၄၉၈၀၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၇၄၀၆၃၅ | ၂၃၉၇၆၅၆၉ | ၂၈၃၆၄ |
| ၇။ | ဗြိတိန် | ၂၃၆၂၁၉၅၂ | ၂၃၃၄၄၂၁၅ | ၁၈၉၉၁၉ |
| ၈။ | အီတလီ | ၂၂၃၉၅၂၈၂ | ၂၁၇၅၈၈၈၅ | ၁၇၇၀၂၄ |
| ၉။ | ဂျပန် | ၂၁၂၂၉၂၁၆ | ၂၀၃၈၀၀၈၉ | ၄၄၆၇၈ |
| ၁၀။ | ရုရှား | ၂၀၉၄၈၄၇၀ | ၁၉၉၇၉၇၆၃ | ၃၈၇၁၆၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၇၇၈၈၆ | ၁၀၅၉၀၉၁၇ | ၄၃၁၄၈ |
| ၂။ | အင်ဒိုနီးရှား | ၆၄၂၉၇၆၇ | ၆၂၅၃၃၁၇ | ၁၅၈၀၉၃ |
| ၃။ | မလေးရှား | ၄၈၃၇၀၀၅ | ၄၇၇၅၉၂၇ | ၃၆၃၆၅ |
| ၄။ | ထိုင်း | ၄၆၈၀၄၇၀ | ၄၆၄၁၃၅၀ | ၃၂၇၅၈ |
| ၅။ | ဖိလစ်ပိုင် | ၃၉၄၅၅၆၆ | ၃၈၅၄၄၇၈ | ၆၂၉၁၆ |
| ၆။ | စင်ကာပူ | ၁၉၀၀၇၆၁ | ၁၈၁၉၄၅၃ | ၁၆၁၇ |
| ၇။ | မြန်မာ | ၆၂၂၈၀၂ | ၅၉၇၈၉၈ | ၁၉၄၅၈ |
| ၈။ | ဘရူနိုင်း | ၂၂၆၂၃၇ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၈၂၁ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၇၀ | ၁၃၄၇၄၅ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၁ ဒသမ ၄၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်ပေးထား**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းပျဉ်းမြို့ အထက၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မိုင်းပျဉ်း စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီမှ စတင်၍ အဆိုပါကျောင်း ဇီဝကခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်က ပန်းခင်းစီမံချက်အစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အခြေခံပညာ အထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၁၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များကို နှစ်ရက်ကြာ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝိုးတောင်း**

# အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံကြားရှိ စစ်မဲ့ဇုန်သို့ ရောက်ရှိ

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်က မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံကြားရှိ စစ်မဲ့ဇုန်သို့ ယနေ့သွားရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကင်မလာဟဲရစ်က တောင်ကိုရီးယား သမ္မတ ယွန်ဆက်ယိုးလ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကင်မလာဟဲရစ်၏ ယခုခရီးစဉ်သည် ၎င်းရာထူး တာဝန်များ စတင်ထမ်းဆောင်သည့်အချိန်မှစပြီး ပထမဆုံးအကြိမ် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

**ဆွေးနွေး**


ကိုရီးယားကျွန်းဆွယ်ဒေသ နျူကလီးယား လက်နက်ကင်းစင်ပပျောက်ရေးနှင့် မြောက်ကိုရီး ယား၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကိစ္စရပ်များအပေါ် ဟဲရစ်နှင့် ယိုးလ်တို့က ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကင်မလာဟဲရစ်က ဂျပန်နှင့် တောင်ကိုရီး ယားနှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်မှု၏ အကျိုး ကျေးဇူးများကိုလည်း အလေးပေးပြောကြားခဲ့ သည်။

ထို့ပြင် ဟဲရစ်နှင့် ယိုးလ်တို့က မြောက်ကိုရီးယား နိုင်ငံ၏ နျူကလီးယားလက်နက်အသုံးပြုမှုဆိုင်ရာ ဥပဒေတစ်ရပ်ချမှတ်ပြဋ္ဌာန်းမှုနှင့် ပဲ့ထိန်း ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုတို့အပေါ် ရှုတ်ချခဲ့ ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဆို သည်။

စစ်မဲ့ဇုန်သို့ သွားရောက်စဉ်အတွင်း ဟဲရစ်က မြောက်ကိုရီးယားဘက်ခြမ်းသို့ မှန်ပြောင်းဖြင့် ကြည့်ခဲ့သည်။

မြောက်ကိုရီးယားက ကင်မလာဟဲရစ် တောင်ကို ရီးယားသို့ မရောက်မီ တစ်ရက်အလိုတွင် တာတိုပစ် ပဲ့ထိန်းဒုံးကျည်နှစ်စင်းအား ဂျပန်ပင်လယ်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့သည်။




ဟဲရစ်၏ တောင်ကိုရီးယားခရီးစဉ်သည် ဝါရှင်တန်နှင့် ဆိုးလ်ကြား စည်းလုံးညီညွတ်မှုကို ပြသရန် နှင့် မြောက်ကိုရီးယားအပေါ် ဖိအားများ ဆက်လက် ပေးသွားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း နိုင်ငံရေး လေ့လာသူများက သုံးသပ်ပြောကြားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# ဂျပန်နှင့် တရုတ် နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရေး နှစ် (၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနား ပေကျင်းမြို့၌ ကျင်းပ

ပေကျင်း စက်တင်ဘာ ၂၉




ဂျပန်နှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ပုံမှန်ပြန် လည်ထူထောင်ရေး နှစ်(၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ပေကျင်းမြို့ရှိ Diaoyutai State Guesthouse ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ငံခြား တိုင်းပြည်များ ချစ်ကြည်ရေး အသင်းနှင့် တရုတ်-ဂျပန် ချစ်ကြည် ရေးအသင်းတို့ ပူးပေါင်းကျင်းပ သည်။ ဂျပန်နှင့် တရုတ်ကုမ္ပဏီ များမှ ကိုယ်စားလှယ်များနှင့် ယဉ် ကျေးမှုဖလှယ်ရေးတာဝန်ခံအရာ ရှိများ အပါအဝင် ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

တရုတ် အမျိုးသားပြည်သူ့ ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Ding Zhongli က တရုတ်နှင့် ဂျပန်နိုင်ငံ တို့သည် နှစ်နိုင်ငံဆက်ဆံရေး ဆောင်ရွက်ရာတွင် ခက်ခဲ ကြမ်းတမ်းသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရကြောင်း သူ၏မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများအကြား အရေးပါသည့် နိုင်ငံများဖြစ်သည့် အတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဖြင့် ဆက်လက်နေထိုင်သွားရန် အရေးကြီးပြီး နိုင်ငံနှင့်ပြည်သူများ ၏ အကျိုးစီးပွားအတွက် ဒေသ တွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို အရှိန်အဟုန်ကောင်းများ ရရှိရန် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အလားတူ ဒေသတွင်း အပါ အဝင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သွားရန် အရေး ကြီးကြောင်း ပေကျင်းမြို့ဆိုင်ရာ ဂျပန်သံအမတ်ကြီး တာရူမီဟီယို က အလေးပေးပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံး

မနီလာ စက်တင်ဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၉၁၆ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၅၃၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၄၅၅၆၆ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၈၁၇၂ ဦး ရှိသည်။ ရောဂါထပ်မံကူးစက် ခံရသူများအနက် ၁၁၄၉ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေသန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၉ သန်း ကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံ ပေးပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီး ဖြစ်ကြောင်း သိရသည်။ ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

# လူသားများနည်းတူ ရယ်မောနိုင်သည့် စက်ရုပ်အမျိုးအစားသစ်တစ်မျိုး ဂျပန်တီထွင်

တိုကျို စက်တင်ဘာ ၂၉

ကျိုတိုတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့က သာမန်စက်ရုပ် များထက် လုပ်ဆောင်ချက်များစွာ ပိုမိုပါဝင်ပြီး လူသားများနည်းတူ ရယ်မောနိုင်သည့် စက်ရုပ်အမျိုးအစားသစ်တစ်မျိုးကို တီထွင်ခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရုပ်သည် ဟာသစကားလုံးများကို နားလည်နိုင်ပြီး လူသားများနှင့်အတူ ပြောဆိုရယ်မောနိုင်ကြောင်း သိရသည်။

ကျိုတိုတက္ကသိုလ်၏ ဘွဲ့လွန်သင်တန်းကျောင်းမှ လက်ထောက် ပါမောက္ခ အီနိုယူကိုဂျိ ဦးဆောင်သည့်အဖွဲ့က အဆိုပါစက်ရုပ်၏ စွမ်းဆောင်ရည်များကို ယမန်နေ့တွင် ထုတ်ဖော်ပြသခဲ့သည်။

စက်ရုပ်၏ ရယ်သံကို ပထမဆုံး ကြားရသည့်အချိန်တွင် တစ်ဦးနှင့် တစ်ဦး အမှန်စင်စစ် အပြန်အလှန် ပြောဆိုဆက်ဆံခဲ့ရသည့်အတိုင်း ထင်မြင်ရကြောင်း လက်ထောက်ပါမောက္ခ အီနိုယူကိုဂျိက ဆိုသည်။

ရယ်မောနိုင်စေသည့် စကားလုံးများကို ခွဲခြမ်းစိတ်ဖြာနိုင်စေရန်နှင့် ရိုးရှင်းသောစကားပြောဆိုမှုများကို ပြုလုပ်နိုင်သည့် ဉာဏ်ရည်တုကို စက်ရုပ်များတွင် ထည့်သွင်းထားခြင်းဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

အဆိုပါစက်ရုပ်သည် စကားဝိုင်းတစ်ခု၏ အသံအတိုးအကျယ်နှင့် အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာကာ ပတ်ဝန်းကျင်နှင့်လိုက်လျော ညီထွေရှိစေရန်အတွက် လူသားတစ်ယောက် ရယ်မောသည့်အတိုင်း အသံထွက်ကာ ရယ်မောနိုင်ကြောင်း သိရသည်။

ယင်းသို့စက်ရုပ်များ ပေါ်ပေါက်လာပြီး လူသားများအတွက် တန်ဖိုးရှိသော အပေါင်းအဖော်များဖြစ်လာစေရန် မျှော်လင့်ကြောင်း လက်ထောက်ပါမောက္ခ အီနိုယူ ကိုဂျိက ဆိုသည်။

လူသားများနှင့်အတူ စက်ရုပ်၏ ရယ်မောခြင်းဆိုင်ရာ အကျိုးသက် ရောက်မှုများကို စောင့်ကြည့်ရန် စီစဉ်ထားကြောင်း အီနိုယူကိုဂျိက ဆက်လက်ပြောကြားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ကားဆက်စပ်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကုန်လှောင်ရုံ၌ သိမ်းဆည်းရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၇ ရက်တွင်အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသည့် မော်တော်ကား ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၅၀၀၀၀)ကို လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ (Mobile) အဖွဲ့က ဝေါမြို့နယ် မြဝတီ – ဘားအံ – ရန်ကုန်သွားကားလမ်း မိုင်တိုင်အမှတ် (၆၅) အနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော ဖိနပ်အစုံ ၆၁၀၀၊ အချိုမှုန့်ထုပ် ကီလိုဂရမ် ၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Hino Profia Tractor အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၈၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းနှင့် အချိုမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၃၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Man TGX 26440 အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၉၇၃၂၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်(ရေ) ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေပြည့်အော်ကျွန်း အနောက်မြောက်ဘက် ၃ ဒသမ ၃ မိုင်ခန့် အကွာတွင် စက်လှေတစ်စင်းပေါ်၌ တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၃၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၈၉၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် စက်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၆၈၉၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရွှေဘိုမြို့နယ်အတွင်း Pajero အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၇၆၁၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dyna အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ပိတောက်ခွဲသား ၄ ဒသမ ၆၇၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၈၅၈၈၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၄၆၈၈၀)ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ် အရှေ့ရိုးမ ကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ သုည ဒသမ ၉၁၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၇၃၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၀၀၈၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၆၆၉၅၇၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၆၉၇၈၀၂၇၂ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကွန်ဟိန်း၊ တန့်ယန်းနှင့် လောက်ကိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်ကျေးရွာရှိ တာကော်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းစံ မောင်းနှင်ပြီး စိုင်းပွမ်မွန်း လိုက်ပါလာသည့် Toyota Alphard အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ ကက်တမင်း ၂၁ ကီလို၊ စိတ်ပြောင်းဆေးဝါးရောစပ်ထားသောအမှုန့် (Happy Water) သုည ဒသမ ၉၅ ကီလိုနှင့် 9mm ပစ္စတိုသေနတ်တစ်လက်ကို လည်းကောင်း။



အိုက်လိုင်၊ အိုက်လူနှင့် အိုက်စိုင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် တန့်ယန်းမြို့နယ် တာကော်အက်ကျေးရွာအုပ်စု တာကော်အက်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အိုက်စိုင်း မောင်းနှင်ပြီး အိုက်လူနှင့် အိုက်လိုင်းတို့ လိုက်ပါလာသည့် Toyota Hilux Revo အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇၆ ကီလိုကို လည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် အိမ်အမှတ်(၂၃၅)နေ လီလောက်ဖန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၀၊ ဘိန်းဖြူ သုည ဒသမ ၀၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၉-၂၀၂၂ သောကြာနေ့

### MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ
- ၀၉:၁၀ မျက်မှောက်ရေးရာအပြာပြာ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ဝိဝိငနဲ့ဒါဝ်ကိုတည်ဆောက်ကြသူများ'
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၀ သုတဝေဖြာသီရိဂေဟာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၀ 'ဒုသက်ထက်ဖြတ်သောဂုဏ်သိက္ခာ' ဆိုင်ပြောဇာတ်တော်ကြီး(အပိုင်း–၃)
- ၁၉:၂၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု 'ထူးယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (အုပ်စု–ဂ)(ပွဲစဉ်–၅)
- ၂၃:၀၀ (၇၀)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း 'ရောင်စဉ်တန်းတို့ထွန်းတောက်ချိန်' (အပိုင်း–၃)

### mitv

- 07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Making a Living as Horticulturist
- 07:25 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Saga Worm Curry and Cricket and Termarind Paste Curry
- 07:47 Aesthetic Painting on Pathein Umbrella
- 08:01 News
- 08:27 Attractive New Destinations of Bagan
- 09:49 Kay Tu Mar Lar "The Decision"
- 09:00 Talent Show on a Maze of Xylophones
- 09:31 The Crocodiles of Meinmahla Island
- 10:28 Global Partnership for Brighter Future: Philippines Pavilion at Expo 2020 Dubai
- 10:34 Traditional Chin Clothes

### MRTV NRC

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** သီးနှံသစ်အတွက်ဆုတောင်းခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** သမြည်းဟင်းနှင့်ပုစွန်ကြော်
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ဝါးထဲကပိုး
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ထပ်အိမ်ဂူမှလင်းလက်လာမည့်ကြယ်ပွင့်လေးများ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဘာသာစကားပြောကြရအောင် (အသီးအနှံအခေါ်အဝေါ်များ)
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း–၄)
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ရိုးရာဝါးခမောက်လက်မှုပညာအမွေ
- **ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)** မိရိုးဖလာ သဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** မိတ္ထီလာကန်သို့ အလည်တစ်ခေါက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ဒေသဝမ်းစာဖူလုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးရေးဆီ
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အလည်လွန် အလယ်လုပ် အလွဲဖြစ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၆)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း–၃)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၆)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
- ၀၆:၅၀ ဂျုံစိုက်ပျိုးခြင်းမှသည် ဂျုံခမောက်ပြုလုပ်မည်
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၅၀ ကောက်ရိုးကိုအသုံးပြု၍ အာဟာရပြည့်ဝသောအစာတုံးပြုလုပ်ပုံ အဆင့်ဆင့်
- ၀၈:၂၀ စိုက်နည်းစနစ်ဖြင့်အထွက်တိုးမည့်ကြံ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၃၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၄၇၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၆၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၅၁၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

**ထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၇၂ ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့်သံတွဲမြို့တို့၌ ကျောင်းသား ကျောင်းသူ ၆၈၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၇၆၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။



သံတွဲမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ်၄၅မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် ပန်းတနော်မြို့၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လှည်းကူးမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေ

**လှည်းကူး စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ယနေ့နံနက် ၇ နာရီက ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ပြီး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီးဌေးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များက လှည်းကူးမြို့ SEO HO Group ကုမ္ပဏီမှဝန်ထမ်းများအား နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ပေါက်တောမြို့နယ်အတွင်းရှိ IDPs စခန်းများတွင် ခိုလှုံနေကြသောပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ

**ပေါက်တော စက်တင်ဘာ ၂၉**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ IDPs စခန်းငါးခုဖြစ်သည့် ကြိမ်နီပြင် IDP စခန်း၊ အနောက်ရဲ IDP စခန်း၊ ဆက်တက်မော် IDP စခန်း၊ ငှက်ချောင်း(၁)IDP စခန်းနှင့် ငှက်ချောင်း(၂) IDP စခန်းများတွင် ခိုလှုံနေကြသော ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသည့် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက သတ်မှတ်စုရပ်နေရာများတွင် ဆက်လက်ထိုးနှံပေးခဲ့ကြသည်။

**ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ပြီး မြို့နယ်ကုသရေးဦးစီးမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ စာရင်းများမှတ်ယူခြင်း၊ လာရောက်ထိုးနှံကြသည့်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးပြီး ထိုးနှံပြီးသည့်သူများကို မိနစ် ၃၀ ခန့် စောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုသည်။



အဆိုပါ ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့တွင် IDPs စခန်းများတွင် ခိုလှုံနေကြသော ပြည်သူစုစုပေါင်း ၂၀၀၀ တို့အား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အလုံမြို့နယ် ပညာရေးစစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အလုံမြို့နယ် ပညာရေးမှူး ဒေါ်သီတာမင်းဦးဆောင်၍ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးကြစဉ်။ မောင်မောင်ကျော်

## နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဈေးများ၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာနိုင်သည့် အန္တရာယ်အား ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နေပြည်တော်အတွင်းရှိ လူစည်ကားသော ဈေးများတွင် နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ရက်တို့တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများ



ဌာနမှ တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ ရွှေသဇင်ဈေးနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိဈေးတို့တွင် ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်၍ ဈေးရောင်းဈေးဝယ်ခြင်းများ ပြုလုပ်ကြရန် နှိုးဆော်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၈၉၀ |
| 95 Ron | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၉၀ | ၂၂၀၅ | ၂၂၃၅ | ၂၂၃၅ | ၂၂၃၅ | ၂၄၅၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၅ | ၂၇၂၀ | ၂၇၁၅ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၃၅၆၀ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၃၅၉၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၃၅၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၄၉ | ၂၁၂၃ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၂၅၄၀ | ၂၆၂၀ |
| HSD (10 ppm) | ၂၅၄၀ | ၂၆၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မေမြတ်သူသည် ၎င်းအသုံးပြုသည့် “May Myat Thu” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာ ၁ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၄၀)တွင် ဖခင်ဖြစ်သူက ရွှေပိုးသိချင်သော စကားထာရဲ့ အဖြေကို လက်တွေ့ပြပေးလိုက်သည့်အကြောင်း ရေးဖွဲ့ထားသည့် “နတ်သမီးလေးသောက်တဲ့ရေ”မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နှင့် ကျန်းမာရေးကောင်းမွန်စေရန်အတွက် လိုအပ်သော အာဟာရဓာတ်များစွာပါဝင်သော နို့အကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားတင်ပြထားသည့် “လူတို့အတွက် အာဟာရတန်ဖိုးမြင့်မားသော နို့”သုတကဏ္ဍ၊ အသားဟင်းကောင်းကောင်း စားချင်၍ ဆရာမအိမ်ကို လာလည်ပြီး ထမင်းစားမည်ဟု ဦးလေးဖြစ်သူကို ညာပြောထားသည့်အကြောင်း တင်ဆက်ထားသည့် “ရန်ပိုင်စိုး”နှစ်မျက်နှာ ကာတွန်းဇာတ်လမ်း၊ မောင်လေး၏ မုန့်များကိုမြင်တိုင်း မြည်းကြည့်တတ်သည့် အစ်မနှင့် ငရုတ်သီးအစစ်ကို သကြားချောင်းငရုတ်သီးဟု ထင်မှတ်ကာ မြည်းမိသည့်အကြောင်း တင်ဆက်ထားသည့် “မြည်းဦးလေ”တစ်မျက်နှာကာတွန်း၊ လင်းယုန်၏ရန်မှ ရှဉ့်ညိုလေး၏အသက်ကို အကြံပေးကာ ကယ်တင်ပေးခဲ့သော မျောက်ညိုလေးသည် သူ၏ဝင့်ကြွားသော စကားသံကြောင့် ဒုက္ခရောက်ရပုံကိုတင်ဆက်ထားသည့် “ဝင့်ကြွားတဲ့ မျောက်ညို” နှစ်မျက်နှာကာတွန်း၊ ညီအစ်ကိုနှစ်ယောက်သည် မိဘများ၏အမွေများကို ညီတူညီမျှရရှိခဲ့သော်လည်း လောဘကြီးသည့် အစ်ကိုက ညီဖြစ်သူ၏ အမွေများကို လိုချင်၍ ကြံစည်ရာမှ ဒုက္ခရောက်ခဲ့ရပုံအကြောင်းကို တင်ဆက်ထားသည့် “လောဘမီး”နှစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ အစဉ်အလာအတိုင်း သံဃာတော်များအား ဆွမ်းချက်လောင်းလှူသည့်အကြောင်း ရေးဖွဲ့ထားသည့် “မြန်မာ့ဂုဏ်” ကဗျာကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ ပုံပြင်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြော

ဒိုက်ဦး စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် နတ်ကင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၂၈ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်လင်းက ခွေးရူးရောဂါနှင့် မှတ်သားစရာအကြောင်းအရာများ၊ ဒေါက်တာစုငွေလှိုင်က ခွေးရူးကာကွယ်ဆေးအကြောင်း၊ ဒေါက်တာမိုးကျော်က ခွေးရူးရောဂါလက္ခဏာရပ်များအကြောင်းနှင့် ဦးစိုးသန့်က ခွေးရူးရောဂါနှင့်ပတ်သက်သော ကိစ္စရပ်များအကြောင်း ဟောပြောကြသည်။

ထို့နောက် (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖအောင်ဝဲကျေးရွာဘုန်းကြီးကျောင်း နှစ်ကျောင်းရှိ ခွေးအကောင် ၃၀ ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# အာဆီယံမီဒီယာမိတ်ဖက်များဖိုရမ် အမှတ်တရ

မြင့်ဝေလှိုင်

၂၀၂၂ ခုနှစ် ဩဂုတ်လကုန်ပိုင်း နေ့ရက်တစ်ရက်မှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ အခြေစိုက်တဲ့ နိုင်ငံပိုင်မီဒီယာကြီးတစ်ခုဖြစ်တဲ့ China Media Group မှတာဝန်ရှိသူတစ်ဦးက မကြာမီ တရုတ်နိုင်ငံ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့မှာကျင်းပမယ့် The 2022 ASEAN Media Partners Forum ကို တက်ရောက်ဖို့ အွန်လိုင်းမှ ကြိုတင်ဖိတ်ကြားတာနဲ့အတူ စာရေးသူထံ ဖိတ်စာရောက်ရှိလာပါတယ်။ ဖိတ်စာအရ အဆိုပါဖိုရမ်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ ကျင်းပမယ်လို့ သိရပါတယ်။

အဲဒီဖိုရမ်ကို တရုတ်နိုင်ငံ CPC သတင်းပြန်ကြားရေးကော်မတီနဲ့ CMG Guangxi ဌာနချုပ်တို့က ပူးပေါင်းစီစဉ်ပြီး တရုတ်နိုင်ငံ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရနဲ့ တရုတ်မီဒီယာအဖွဲ့ CMG က အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဖြစ်ပါတယ်။

ဖိုရမ်ကို "အသိအမြင်တိုးပွားရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ စည်းလုံးညီညွတ်ရေး" (Intelligen-ce, Collaboration, Cohesion) ဆောင်ပုဒ်နဲ့ တရုတ်နဲ့ အာဆီယံနိုင်ငံတွေအကြားရှိမီဒီယာတွေ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုကို နက်ရှိုင်းစေရန်၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ပံ့ပိုးကူညီမှုတွေကို တိုးမြှင့်ရန်နဲ့ ပိုမိုနီးကပ်တဲ့ တရုတ်-အာဆီယံ အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်တယ်လို့ သိရပါတယ်။

### တက်ရောက်

အဆိုပါဖိုရမ်ကို ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး၊ China Media Group ရဲ့ ဒုတိယဥက္ကဋ္ဌ၊ အာဆီယံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနဲ့ တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူတွေ၊ အာဆီယံနိုင်ငံတွေက မီဒီယာဆိုင်ရာအကြီးအကဲတွေ၊ အာဆီယံ-တရုတ်စင်တာ အထွေထွေအတွင်းရေးမှူးချုပ်၊ အာရှ-ပစိဖိတ်ရုပ်သံထုတ်လွှင့်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်တို့အပြင် မီဒီယာအဖွဲ့အစည်းတွေက ဖိတ်ကြားထားသူတွေ တက်ရောက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံဘက်ကတော့ နိုင်ငံပိုင်မီဒီယာတစ်ခုဖြစ်တဲ့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ညွှန်ကြားရေးမှူးချုပ်နဲ့ ပုဂ္ဂလိကမီဒီယာအချို့က တာဝန်ရှိသူတွေ အွန်လိုင်းက တက်ရောက်တာ တွေ့ရပါတယ်။

စက်တင်ဘာလ ၁၅ ရက်နေ့ကကျင်းပတဲ့ ဖိုရမ်ဖွင့်ပွဲအခမ်းအနားမှာ တရုတ်နဲ့ အာဆီယံဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ မီဒီယာဆိုင်ရာ ကိုယ်စားလှယ်တွေက နှုတ်ခွန်းဆက်စကားတွေ၊ မိန့်ခွန်းတွေ ပြောကြားခဲ့ပြီးတဲ့နောက် CMG နဲ့ အာဆီယံနိုင်ငံမီဒီယာတွေ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍသစ် စတင်ခြင်း၊ ပြည်ပနဲ့ အွန်လိုင်းဆက်သွယ်ရေးမြှင့်တင်ခြင်း၊ CMG နဲ့ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရတို့မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးခြင်း အစီအစဉ်တွေကို ထည့်သွင်းကျင်းပခဲ့ပါတယ်။ ဒီဖိုရမ်ကို နိုင်ငံပေါင်း ၁၇ နိုင်ငံက မီဒီယာအဖွဲ့တွေနဲ့ အသင်းအဖွဲ့စုစုပေါင်း ၇၀ ကျော် တက်ရောက်သူ ၁၈၀ နီးပါးရှိခဲ့တယ်လို့ သိရပါတယ်။ တကယ်တော့ ဒီဖိုရမ်ဟာ တရုတ်နိုင်ငံ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့မှာပဲ ကျင်းပမယ့် (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲအကြိုပွဲတစ်ခုဖြစ်ပြီး အဆိုပါ ကုန်စည်ပြပွဲကိုတော့ စက်တင်ဘာလ ၁၆ ရက်နေ့ကနေ ၁၉ ရက်နေ့အထိ ဖွင့်လှစ်ပြသကျင်းပခဲ့တယ်လို့ သိရပါတယ်။

တရုတ်နဲ့ အာဆီယံနိုင်ငံတွေအကြား မိတ်ဖက်ဆက်ဆံရေးကို ၁၉၉၁ ခုနှစ်က စတင်ခဲ့တာဖြစ်ပြီး ၂၀၂၁ ခုနှစ်မှာ နှစ်ပေါင်းသုံးဆယ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ကဏ္ဍစုံမှာ မိတ်ဖက်ဆောင်ရွက်ခဲ့ရာမှာ တိုးတက်မှုအများအပြားရှိခဲ့တယ်လို့ သိရပါတယ်။ အထူးသဖြင့် ကုန်သွယ်ရေးပိုင်းမှာ ဖြစ်ပါတယ်။




စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် The 2022 ASEAN Media Partners Forum သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

တရုတ်နိုင်ငံဟာ အာဆီယံရဲ့အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ယခုနောက်ပိုင်းမှာ ၁၃ နှစ်ဆက်တိုက်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် တရုတ်နဲ့ အာဆီယံနိုင်ငံတွေရဲ့ ကုန်သွယ်မှုဟာလည်း တရုတ်စီးပွားကူးသန်းဝန်ကြီးဌာနရဲ့ တရားဝင်အချက်အလက်တွေအရ နှစ်ပေါင်းသုံးဆယ်အတွင်း ၈၅ ဆအထိ တိုးတက်လာတယ်လို့ သိရပါတယ်။ အလားတူ ကာလအတွင်းမှာပဲ တရုတ်နဲ့အာဆီယံတို့အကြား မီဒီယာပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့တာဟာ နှစ်ဖက်ပြည်သူတွေအကြား နားလည်မှုကိုမြှင့်တင်ပေးနိုင်ခဲ့ပြီး နှစ်ဖက်မီဒီယာတွေအကြား ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ရရှိစေခဲ့ပါတယ်။

### ပြည်သူတွေရဲ့ နား၊ မျက်စိ

မီဒီယာဆိုတာ ပြည်သူတွေကို သတင်းအချက်အလက်တွေနဲ့အတူ အသိအမြင်တွေပေးနိုင်တဲ့ ပြည်သူတွေရဲ့ မီးအိမ်တွေ၊ အလင်းရောင်တွေပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတွေရဲ့ နား၊ မျက်စိလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့် တရုတ်နဲ့ အာဆီယံပြည်သူတွေအကြား အတူတကွ သာယာဝပြောရေး၊ ပိုမိုတက်ကြွအားကောင်းတဲ့ တရုတ်-အာဆီယံအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက်ဆိုရင် နှစ်ဖက်အကြား ဆန်းသစ်တဲ့ နည်းပညာဖလှယ်တာ၊ သတင်းအချက်အလက်မျှဝေတာစတာတွေကို နှစ်ဖက်ပူးပေါင်းလို့ စဉ်ဆက်မပြတ် ပြုလုပ်ဖို့လိုပါတယ်။

မီဒီယာလုပ်ငန်းဆိုတာ သတင်းအချက်အလက်နဲ့ နည်းပညာတွေကို အခြေခံထားတာဖြစ်ပါတယ်။ တစ်ဆက်တည်းပြောရရင် မီဒီယာလုပ်ငန်းဆိုတာ ပြည်သူနဲ့ အစိုးရအကြား၊ ပြည်သူနဲ့ ပြည်သူအကြား သတင်းအချက်အလက်တွေကို အထက်အောက် အပြန်အလှန် ဆက်သွယ်ပို့ဆောင်ပေးတဲ့ ပေါင်းကူးတံတား၊ တစ်နည်းအားဖြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုပါပဲ။ သတင်းတွေ၊ ဖြစ်စဉ်တွေကို တစ်နေရာကနေတစ်နေရာကို အမှန်အတိုင်းရောက်ဖို့ ဆက်သွယ်ပို့ဆောင် တင်ဆက်ပေးရတာပဲ ဖြစ်ပါတယ်။ ဒီလိုဆက်သွယ်တင်ဆက်တဲ့နေရာမှာ ဘက်လိုက်မှုတွေမဖြစ်ဖို့၊ သတင်းမှန်တွေဖြစ်ဖို့၊ မသက်ဆိုင်သူတွေအပေါ် ထိခိုက်နစ်နာမှုမရှိစေဘဲ သတင်းတွေကို လွတ်လပ်စွာရေးသား တင်ဆက်နိုင်ဖို့ "သတင်းမီဒီယာကျင့်ဝတ်"ဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ထိန်းကျောင်းပေးထားတာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်လို့ အသိအမှတ်ပြုထားကြပါတယ်။ ဒါဟာ မီဒီယာရဲ့အရေးပါမှုကို ဖော်ညွှန်းထားတာပဲ ဖြစ်ပါတယ်။

ဒီလိုအရေးပါတဲ့ သတင်းမီဒီယာတွေရဲ့ ရေးသားတင်ဆက်မှုတွေမှာ အဓိကကျတဲ့ အချက်နှစ်ချက်ရှိပါတယ်။ အဲဒါတွေကတော့ သတင်းအချက်အလက်မှန်ကန်ဖို့နဲ့ မြန်ဆန်စွာဆက်သွယ် တင်ဆက်နိုင်ဖို့ ဖြစ်ပါတယ်။ သတင်းအချက်အလက်မှန်ကန်ဖို့ကို ဦးစားပေးရမှာဖြစ်ပေမယ့် မြန်ဆန်မှုဟာလည်း အရေးပါတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သတင်းပို့ဆောင်ဆက်သွယ်မှု မြန်ဆန်ဖို့ဆိုရင် အလွယ်တကူ ပို့ဆောင်ဆက်သွယ်နိုင်မယ့် နည်းပညာတွေ အစဉ်အမြဲဆန်းသစ်နေဖို့ လိုပါတယ်။ ပြောရရင် ယနေ့ကာလမှာ သတင်းဖြန့်ဝေတင်ဆက်မှုဆန်းသစ်တီထွင်ခြင်းကို မီဒီယာလုပ်ငန်းတိုးတက်ဖွံ့ဖြိုးဖို့၊ အသွင်ပြောင်းဖို့ လုပ်ဆောင်တာအတွက် သာမကဘဲ လူ့အဖွဲ့အစည်းကို ဘယ်လိုပုံဖော်ကြမလဲ၊ လူ့အဖွဲ့အစည်းတွေအရင်ကထက် ပိုမိုဖွံ့ဖြိုးဖို့ ဘယ်လိုလုပ်ကြမလဲဆိုတာကို အခြေခံပြီး စဉ်းစားဆောင်ရွက်ကြဖို့လိုပါတယ်။

### သတင်းဖလှယ်မှုတွေ၊ မီဒီယာတွေအကြား ကူးလူးဆက်ဆံမှုတွေ ပိုမိုတိုးတက်

တရုတ်နဲ့ အာဆီယံအကြား ဆန်းသစ်တဲ့ သတင်းအချက်အလက်တွေကို ဖလှယ်နိုင်ဖို့၊ ဒီဆန်းသစ်တဲ့ နည်းပညာတွေနဲ့ လူ့အဖွဲ့အစည်းတွေ ပိုမိုဖွံ့ဖြိုးနိုင်ဖို့အတွက် ပုံဖော်နိုင်ဖို့ အဓိကရည်ရွယ်ပြီး အခုကျင်းပခဲ့တဲ့ဖိုရမ်မှာ "Launch Ceremony New Round of Cooperation between CMG and ASEAN Media"၊ "Launch Ceremony of Overseas Communi– cation and Online Promotion Action 'Splendid and Beautiful Guangxi" ဖွင့်ပွဲအခမ်းအနားနဲ့ "Unveiling Ceremony:China –ASEAN Media Complex" မိတ်ဆက်ပွဲအခမ်းအနား အစီအစဉ်တွေကို ထည့်သွင်း ကျင်းပခဲ့တာပဲဖြစ်ပါတယ်။ ဒီအစီအစဉ်တွေကတစ်ဆင့် နောင်မှာ တရုတ်နဲ့ အာဆီယံအကြား သတင်းဖလှယ်မှုတွေ၊ မီဒီယာတွေအကြား ကူးလူးဆက်ဆံမှုတွေ ပိုမိုတိုးတက်လာမယ့်အပြင် အဆိုပါနိုင်ငံတွေအကြား ပြည်သူတွေအတွင်း သတင်းမှန်တွေသိရှိနိုင်မှု အခွင့်အလမ်းတွေလည်း ပိုမိုတိုးတက်ရရှိလာမယ်လို့ မျှော်လင့်ရပါတယ်။

တကယ်တော့ တရုတ်နဲ့ အာဆီယံနိုင်ငံတွေအကြား မိတ်ဖက်ဆက်ဆံရေးဟာ နှစ်ပေါင်းသုံးဆယ်ရှိခဲ့ပြီဖြစ်တယ်လို့ဆိုခဲ့ပေမယ့် အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့မိတ်ဖက်ဆက်ဆံရေးဟာ နှစ်ပေါင်းသုံးဆယ်မက ရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။ အလားတူ မီဒီယာအချင်းချင်း ကူးလူးဆက်သွယ်ဆက်ဆံရေးဟာလည်း နှစ်ပေါင်းသုံးဆယ်မက ရှိခဲ့ပါပြီ။ နှစ်နိုင်ငံတို့က စာရေးဆရာတွေ၊ သတင်းစာဆရာတွေ အပြန်အလှန် သွားရောက်လည်ပတ်ကြခြင်းဟာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပေါင်းကူးတံတားကိုတည်ဆောက်နိုင်သလို မီဒီယာအချင်းချင်း စာပေ၊ ယဉ်ကျေးမှုနဲ့ သတင်းဖလှယ်မှုအားပိုမိုတိုးတက်လာခဲ့တာဟာလည်း လက်တွေ့ကျတဲ့ အမှန်တရားပဲဖြစ်ပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံဟာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအတွင်း တရုတ်နိုင်ငံနဲ့ ညှိနှိုင်းမှုတာဝန်ခံဆောင်ရွက်နေတဲ့ (Country Coordinator)အဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တရုတ်နဲ့ အာဆီယံအကြား မိတ်ဖက်ဆက်ဆံရေး ထိရောက်အောင်မြင်ဖို့ အရေးပါတဲ့ကဏ္ဍက တာဝန်ယူထားတာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီဖိုရမ်မှာရရှိတဲ့ ဆွေးနွေးချက်တွေ၊ သဘောတူညီချက်တွေကို အခြေခံပြီး မီဒီယာစွမ်းအားနဲ့ အပြန်အလှန် ပိုမိုယုံကြည်၊ ပိုမိုဖေးမကူညီနိုင်တဲ့ အာဆီယံ မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်မြှင့်တင်ရာမှာ မြန်မာနိုင်ငံအနေနဲ့ အရေးပါတဲ့နေရာကနေ ပါဝင်အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ၂၀၂၂-အာဆီယံ မိတ်ဖက်မီဒီယာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဟာ တရုတ်နဲ့ အာဆီယံနိုင်ငံတွေရဲ့ မီဒီယာတွေအကြား ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနဲ့ သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေးကို ပိုမိုတိုးမြှင့်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကနေ ဖြစ်ထွန်းလာတဲ့ အကျိုးရလဒ်ကတစ်ဆင့် "ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာလှပခြင်း၊ ကြွယ်ဝခြင်း"နဲ့အတူ ချစ်ကြည်ရင်းနှီးတဲ့ ဘုံအကျိုးတူ အသိုက်အဝန်းကိုလည်း တည်ဆောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။


> **"မီဒီယာလုပ်ငန်းဆိုတာ သတင်းအချက်အလက်နဲ့ နည်းပညာတွေကို အခြေခံထားတာဖြစ်ပါတယ်။ တစ်ဆက်တည်းပြောရရင် မီဒီယာလုပ်ငန်းဆိုတာ ပြည်သူနဲ့ အစိုးရအကြား၊ ပြည်သူနဲ့ ပြည်သူအကြား သတင်းအချက်အလက်တွေကို အထက်အောက် အပြန်အလှန် ဆက်သွယ်ပို့ဆောင်ပေးတဲ့ ပေါင်းကူးတံတား၊ တစ်နည်းအားဖြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုပါပဲ။ ဒီလိုဆက်သွယ်တင်ဆက်တဲ့နေရာမှာ ဘက်လိုက်မှုတွေမဖြစ်ဖို့၊ သတင်းမှန်တွေဖြစ်ဖို့၊ မသက်ဆိုင်သူတွေအပေါ် ထိခိုက်နစ်နာမှုမရှိစေဘဲ သတင်းတွေကို လွတ်လပ်စွာရေးသားတင်ဆက်နိုင်ဖို့ "သတင်းမီဒီယာကျင့်ဝတ်"ဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ထိန်းကျောင်းပေးထားတာပဲ ဖြစ်ပါတယ်"**

# စားသုံးဆီနှင့် စက်သုံးဆီ ချွေတာကြမယ်ဆိုရင် ....

## ဒေါက်တာမောင်ကျော် - ပါမောက္ခချုပ်(ငြိမ်း)

လူအများစု နားလည်နေတဲ့ ကျန်းမာဖို့ ဆောင်ပုဒ်ကတော့ “ရေများများသောက်၊ အဆီနဲ့ ဆား၊ သကြားလျှော့စား၊ မေတ္တာများများပွား ကျန်းမာခြင်းအကြောင်းတရား” ဖြစ်ပါတယ်။ ကျန်းမာရေးကောင်းဖို့ကိစ္စဖြစ်လို့ လွန်စွာတန်ဖိုး ရှိလှပါတယ်။

လူတစ်ဦးတစ်ယောက် ကျန်းမာရေးနဲ့ပတ်သက်လာရင် ကျွန်တော်တို့ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ကို အခြေခံပြီး ပြောလေ့ရှိကြပါတယ်။ ကံဆိုတာ အလုပ်။ အတိတ်၊ ပစ္စုပ္ပန်အလုပ်အပေါ်မှာ မူတည်ပြီး ကျန်းမာရေး ကောင်းတယ်၊ ညံ့တယ်လို့ သုံးသပ်လေ့ ရှိပါတယ်။ စိတ်ကလည်း အခရာကျပါတယ်။ စိတ်မတည်မငြိမ်၊ အလိုမကျ ဒေါသူပုန်ထ၊ လောဘတွေ တက်နေတဲ့အခါ စိတ်ဖိစီးမှု၊ စိတ်ထောင်းလေတော့ “ကိုယ်ကျေ” ပါတော့တယ်။ ကျန်းမာရေးကို ထိခိုက်စေပါတယ်။ ဥတုရာသီက အေးလွန်း၊ ပူလွန်း၊ စွတ်စိုလွန်းရင်လည်း ကျန်းမာရေးအပေါ် သက်ရောက်မှုရှိပြန်တယ်။ အာဟာရကတော့ ကျန်းမာရေးကောင်း၊ မကောင်းကိစ္စအတွက် အစာအာဟာရပိရမစ် (Food Pyramid) က အဖြေထုတ်ပေးပါတယ်။





### စားသုံးဆီပြဿနာ

ပိရမစ်ရဲ့ ထိပ်ဆုံးမှာတော့ အဆီဆိုတဲ့နေရာ၊ ဆီကိုလျှော့စားရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ပိရမစ်အောက်ဆုံးမှာတော့ ကစီဓာတ်၊ သူ့အထက်မှာ အသီးအရွက်၊ တစ်ဆင့်မြင့်ရင် အသားဓာတ် စားရမယ်။ ထိပ်ဆုံးမှာက အဆီဓာတ် (စားသုံးဆီ) ကို အနည်းဆုံးစားရမယ်ဆိုတဲ့ ကျန်းမာရေးလမ်းညွှန်ကို များစွာသောလူတို့ လိုက်နာရမှာဖြစ်ပါတယ်။ အမေရိကန်၊ ဩစတြေးလျ အစားအသောက်ပိရမစ် အရဆိုရင် ပြည့်ဝဆီ (Saturated Oil)ကို လျှော့စားဖို့၊ သကြားလျှော့စားဖို့ဖြစ်ပါတယ်။ နိုင်ငံခြားငွေ ချွေတာရေး မြိုးမြိုဖို့ တွန်းအားပေးတားမြစ်တာ မဟုတ်၊ တကယ့်ကို မြိုးမြိုကြရလိမ့်မယ်။

စားသုံးဆီလိုအပ်လို့ တင်သွင်းရတယ်ဆိုရင်၊ စားအုန်းဆီကို ပြည်ပက ဝယ်ယူနေရပြန်ရင် ဒါဟာ မဟုတ်သေးဘူး။ ပြည်တွင်းစားအုန်းဆီကိုပဲ အားပေးရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်လယ်သမား တောင်သူတွေ စိုက်ပျိုးထုတ်လုပ်တဲ့ ဆန်စပါး၊ ဆီ၊ ဆားကို အားပေးရလိမ့်မယ်။ နည်းပညာမမြင့်လို့ ဈေးနှုန်းကြီးမြင့်ကောင်း ကြီးနိုင်ပေမယ့် သူတို့ကို အားပေးရမယ်။ တကယ်အရေးကြုံလို့ စီးပွားရေး ပိတ်ဆို့မှုတွေရှိလာမယ်ဆိုရင် အားကိုးစရာဟာ ပြည်တွင်းက လယ်သမားနဲ့ တောင်သူလယ်သမားတွေပဲ ဖြစ်တယ်လို့ ပြောချင်ပါတယ်။

### အဆီဓာတ်ဆိုသည်

အဆီဓာတ်ဟာ စွမ်းအင်သိုမှီးရာဓာတ်ပစ္စည်း ဖြစ်ပါတယ်။ သက်ရှိတို့ လှုပ်ရှားမှုတိုင်းအတွက် လိုအပ်တဲ့ စွမ်းအင်ကို အဆီဓာတ်၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်တို့မှ ထုတ်ယူသုံးစွဲတာပဲဖြစ်ပါတယ်။ လူတွေဟာ လှုပ်ရှားမှု ပြင်းထန်ရင် ပြင်းထန်သလို မောပန်းကြတယ်ဆိုတာ အဆိုပါဓာတ်ပစ္စည်း (အဆီ၊ ပရိုတင်းနဲ့ ကစီဓာတ်)တို့ ပြောင်းလဲနိုင်ဖို့ လေရှူရလို့ပဲဖြစ်ပါတယ်။ အောက်ဆီဂျင်များများ လိုတဲ့အတွက် အဆုတ်က ပိုပြီးလျင်လျင်မြန်မြန် အလုပ်လုပ်ရလို့မောတာပဲဖြစ်ပါတယ်။ ဒီလိုဓာတ်ပြောင်းလဲမှုဖြစ်စဉ်က စွမ်းအင်ရတာပဲဖြစ်ပါတယ်။ ဓာတ်ပြောင်းလဲမှုဖြစ်စဉ်ဟာ ကိုယ်ခန္ဓာမှာရှိတဲ့ ဆဲလ်ပေါင်းသန်းပေါင်းများစွာက အလုပ်လုပ်ရတာဖြစ်ပါတယ်။




စားအုန်းဆီဆိုတာ ဓာတုဗေဒသဘောအရ ပြည့်ဝဆီတွေဖြစ်တော့ ဝမ်းမီးမကောင်းရင် ပြိုကွဲပျက်ပြယ်ဖို့ မလွယ်လေတော့ နှလုံးသွေးကြောမှာ ပိတ်ဆို့တတ်တယ်လို့ဆိုပါတယ်။ ဝက်ဆီဆို ပိုဆိုးလေတော့ ဆီလျှော့စားတာ ကျန်းမာရေးအတွက် အကောင်းဆုံးပါပဲ။ ဈေးချိုလို့ စားအုန်းဆီတန်းစီတိုးမယ့်အစား ဆီကိုလျှော့စားစေချင်ပါတယ်။ ကျန်းမာရေးကောင်းဖို့ အကြံပြုတာကို မြင်စေချင်၊ သိစေချင်ပါတယ်။ မြန်မာတွေအတွက် ဝက်ဆီ၊ အသားဆီနဲ့ စားအုန်းဆီတွေစားသုံးခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုနဲ့ အန္တရာယ် ဘယ်အရာက အလေးသာသလဲဆိုတာ ထင်ထင်ရှားရှားမသိရှိဘူးလို့ ယူဆပါတယ်။

ယနေ့မြို့ကြီးပြကြီးတွေ၊ လူစည်ကားတဲ့နေရာတွေမှာ ဝက်သားတုတ်ထိုးဆိုင်ငယ်လေးတွေဟာ အလုပ်ဖြစ်နေတာ တွေ့မြင်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အလုပ်ကအပြန် ဆာဆာနဲ့အမြန်စာ (Quick Food) ကို ဝိုင်းအားပေးလို့ပါပဲ။ အဆာပြေ စားကြသူတွေရှိသလို ညနေစာအဖြစ် စားသုံးသူတွေလည်း တွေ့မြင်ရတော့ ကျန်းမာရေးရှုထောင့်က




ကြည့်ရင် ရင်လေးစရာပါပဲ။ ဝက်ဆီဆိုတာ ဝမ်းတွင်းမှာ ဓာတ်တိုးဓာတ်လျော့ ဓာတ်ပြုခြင်း နှေးကွေးတဲ့အတွက် နှလုံးသွေးကြောတွေမှာ ပိတ်ဆို့မှု ဖြစ်လေ့ရှိတယ်လို့ သိရပါတယ်။ ဟင်းလျာတွေမှာ အမဲနဲ့ ဝက်ဆီတွေကို လျှော့စားဖို့ ကျန်းမာရေး အကြံပြုချက်တွေကို ဖတ်ရှုရပါတယ်။ ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးပါတယ်။

ငါးကြီးဆီ၊ အသီးအရွက်ဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီတို့ရဲ့ ဓာတုသဘောအရဆိုရင် စွမ်းအားရဖို့ အပြောင်းအလဲမှာ အကျိုးဖြစ်ထွန်းစေတဲ့ဘက်က အလေးသာတဲ့ သဘောဆောင်ပါတယ်။ ကျန်းမာရေးအတွက် အသီးအရွက်ဆီတွေဟာ အန္တရာယ်ပြုမှု နည်းပါတယ်။ မြေပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ ပန်းနှမ်းဆီတို့ကို ပြည်တွင်းက ထုတ်လုပ်သော်လည်း ဆီစားသုံးမှုဟာ လွန်ကဲပါတယ်။ ဒါကြောင့် နိုင်ငံခြားက အသီးအရွက်ဆီကို တင်သွင်းရတဲ့သဘော ရှိပါတယ်။ လူထုသာ ချွေတာလိုက်ရင် ဒီပြဿနာတွေဟာ ပြေလည်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားက တင်သွင်းကုန်အပေါ်ကရတဲ့ အခွန်ပေါ်မှာ လွန်စွာ မရပ်တည်စေချင်ပါဘူး။

**လူထုဟာ တစ်ကိုယ်ရေတစ်ကာယ ကျန်းမာရေး အသိပညာနည်းပါးပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်ထုများတဲ့ ကျောင်းနေအရွယ် ကလေးဘဝမှာကို ကျန်းမာသန့်စွမ်းရေးအသိပညာ မရရှိခဲ့ရှာဘူး။ ကျောင်းစာတွေနဲ့ပဲ ပိနေခဲ့ကြရပါတယ်။ စာမေးပွဲ နောက်ကိုပဲ လိုက်နေခဲ့တာများတယ်။ ဂုဏ်ထူးရဖို့ပဲ မိဘ၊ ဆရာ၊ ရပ်ရွာက အားထုတ်တာများတယ်။ ကျန်းမာရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာဟောပြောပွဲတွေ ဆိုတာ ရှားပါတယ်။ ပညာရေးပြက္ခဒိန်တွေမှာ ဘောလုံးပွဲ၊ ဘော်လီဘောပွဲ၊ ကြက်တောင်၊ ခြင်းလုံး အားကစားပွဲတွေ တိတိကျကျရေးဆွဲဖို့ အားကစားပြိုင်ပွဲတွေ ကျောင်းအလိုက်၊ တက္ကသိုလ်အလိုက် ဘောလုံးပြိုင်ပွဲတွေ ပိုပြီးလုပ်သင့်ပါတယ်လို့ ယူဆပါတယ်။ အနာဂတ်ကိုယ့်လူထု ကျန်းမာရေးကောင်းဖို့ ဉာဏ်နဲ့ယှဉ် ဆင်ခြင်ကြရမယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။**

### ဓာတ်ဆီ၊ လောင်စာဆီပြဿနာ

ကမ္ဘာ့ရေနံသိုက်ကြီးတွေ တွေ့ပြန်တော့ မော်တော်ယာဉ်၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံတွေနဲ့ ကမ္ဘာကိုပတ်ပြီး စီးပွားရေး၊ နိုင်ငံရေးတွေနဲ့စစ်ပွဲတွေအထိ ဒီရေနံက တွန်းပို့ပေးတယ်လို့ပြောနိုင်ပါတယ်။ ပြီးခဲ့တဲ့ ရာစုနှစ်များအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုဟာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအပေါ် တည်မှီခဲ့ပါတယ်။ ၁၉၀၀ ပြည့်နှစ်က ကမ္ဘာ့ ရေနံစိမ်းထုတ်လုပ်မှုပမာဏဟာ ရေနံစိမ်းစည်ပီပါ သန်း ၁၅၀ သာ၊ ၂၀၀၀ ပြည့်နှစ်မှာ ဘီလီယံ ၃၀ အထိ ထုတ်လုပ်လာရပါတယ်။

၁၉၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့က ကမ္ဘာ့နေ့ဆိုပြီး အမေရိကန်ပြည်ထောင်စုမှာ ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့နေ့ကို ကျင်းပခဲ့ခြင်းနဲ့အတူ ၁၉၇၀ ပြည့်နှစ်မှာ လေထုသန့်ရှင်းရေး အက်ဥပဒေ (Clean



Air Act of 1970) ဟာ ပတ်ဝန်းကျင်အပေါ် အပေါင်းလက္ခဏာအသွင် စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ဘွဲ့ရပြီး တက္ကသိုလ် ဆရာပေါက်စဘဝက ကမ္ဘာ့ ပတ်ဝန်းကျင်ယိုယွင်းလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုကို သတိမထားမိတဲ့ကာလ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း စက်မှုထွန်းကားတဲ့ နိုင်ငံတွေဟာ ကမ္ဘာကြီးပူနွေးလာတဲ့အရေးကို ဝိုင်းဝန်းတွေးပြီး အလေးထားဆောင်ရွက်ခဲ့တာတွေကို ၂၀ ရာစုနှောင်းပိုင်းအထိ တွေ့မြင်ရပါတယ်။

“အရေးအကြီးဆုံးထဲက တစ်ခုလည်းဖြစ်တယ်။ ကျွန်တော်တို့ လက်ငင်းလုပ်နိုင်တာ တစ်ခုက ဘာလဲဆိုရင် ဓာတ်ဆီ၊ လောင်စာဆီသုံးပြီး မော်တော်ယာဉ်တွေ မောင်းနှင်ရာမှာ ထိရောက်ဖို့ပဲ၊ မော်တော်ကားတွေ လောင်စာဆီ တစ်ဂါလန်ကို မိုင်များများ မောင်းနိုင်ဖို့၊ အဆိပ်အတောက်ဓာတ်ငွေ့နည်းနည်းပဲ ထွက်ဖို့နဲ့ ကမ္ဘာကြီးပူနွေးစေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ နည်းနိုင်သမျှနည်းအောင် ထွက်မယ့် မော်တော်ကားတွေဖြစ်ဖို့လိုတယ်” လို့ နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင် လီယိုနာဒို ဒီကာပရီယိုက မှတ်ချက်ပြုခဲ့ပါတယ်။

ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ဂါလန်သုံးတိုင်း လေထုထဲကို ကာဗွန်ဓာတ်ငွေ့ ၉-၁၀ ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ကားငယ်တစ်စီးဟာ ၇ ဒသမ ၃ လီတာ ဖြည့်ထားရင် ကီလိုမီတာ ၁၀၀ အထိ မောင်းနိုင်ပါတယ်။ ဒီကားဟာ ခြောက်ကီလိုမီတာ သို့မဟုတ် ၃ ဒသမ ၇၅ မိုင် မောင်းလိုက်တာနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် မှုတ်ထုတ်လိုက်ပါတယ်။

လေထုမှာ တင်ကျန်ခဲ့တဲ့ ဒီကာဗွန်ဓာတ်ငွေ့ဟာ ကမ္ဘာကြီးပူနွေးဖို့ ကြီးမားတဲ့ အကြောင်းတရား ဖြစ်ပါတယ်။ အများသုံး ဘတ်စ်ကားတစ်စီးဟာ ဥပမာ YBS ဆိုပါတော့။ ၁၀-၁၂ ကီလိုမီတာ မောင်းလိုက်တာနဲ့ ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ခြောက်ကီလိုမီတာဆိုရင် သုည ဒသမ ၅ ကီလိုဂရမ် ကာဗွန်ဒိုင်အောက်ဆိုက် လေထုထဲဝင်လာတာဖြစ်ပါတယ်။ ဒီဘတ်စ်ကားဟာ ခရီးသည် ၄၀ ကို သယ်ယူပို့ဆောင်တာမို့ တွက်ခြေကိုက်ပါတယ်။

လက်ရှိအခြေအနေမှာ နှစ်စဉ် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ မက်ထရစ် ငါးဘီလီယံတန်ကို သုံးပြီး လျှပ်စစ်ထုတ်တာက ၃၅ ရာခိုင်နှုန်း၊ သွားလာရေး သယ်ယူပို့ဆောင်ရေးက ၃၁ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းတွေအတွက် ၂၁ ရာခိုင်နှုန်း၊ စီးပွားရေး ငါးရာခိုင်နှုန်းနဲ့ အိမ်တွင်းအနွေးဓာတ်ရဖို့ ခုနစ်ရာခိုင်နှုန်း သုံးနေရတယ်လို့ တွက်ချက်ထားတာကို သိရပါတယ်။ စာမျက်နှာ ၁၉ သို့

**“ငါးကြီးဆီ၊ အသီးအရွက်ဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီတို့ရဲ့ ဓာတုသဘောအရဆိုရင် စွမ်းအားရဖို့ အပြောင်းအလဲမှာ အကျိုးဖြစ်ထွန်းစေတဲ့ဘက်က အလေးသာတဲ့သဘောဆောင်ပါတယ်။ ကျန်းမာရေးအတွက် အသီးအရွက်ဆီတွေဟာ အန္တရာယ်ပြုမှုနည်းပါတယ်။ မြေပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ ပန်းနှမ်းဆီတို့ကို ပြည်တွင်းကထုတ်လုပ်သော်လည်း ဆီစားသုံးမှုဟာ လွန်ကဲပါတယ်။ ဒါကြောင့် နိုင်ငံခြားက အသီးအရွက်ဆီကို တင်သွင်းရတဲ့သဘောရှိပါတယ်။ လူထုသာ ချွေတာလိုက်ရင် ဒီပြဿနာတွေဟာ ပြေလည်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားက တင်သွင်းကုန်အပေါ်ကရတဲ့ အခွန်ပေါ်မှာ လွန်စွာမရပ်တည်စေချင်ပါဘူး”**

# ၂၀၂၂ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၂ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၂၈)မြို့နယ် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဥသ္သာမြို့သစ်ရှိ ပဲခူးခရိုင် အားကစားကွင်း၌ ကျင်းပရာ ဖြူးမြို့နယ်အသင်းက အမျိုးသား၊ အမျိုးသမီး စုပေါင်း တံခွန်စိုက် ဆုဖလားရရှိခဲ့ကြောင်း သိရသည်။




ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် အစိုးရအဖွဲ့ တာဝန်ရှိသူများက အမျိုးသမီး၊ အမျိုးသားမီတာ (၁၀၀)အပြေးပြိုင်ပွဲ၊ မီတာ(၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးနှင့် တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီးတို့က အမျိုးသမီးတတိယ တံခွန်စိုက်ဆုရရှိသော ဒိုက်ဦး မြို့နယ်အသင်းအား ငွေကျပ် သုံးသိန်း၊ ဒုတိယတံခွန်စိုက်ဆု ရရှိသော ရွှေတောင်မြို့နယ် အသင်းအား ငွေကျပ်ငါးသိန်းနှင့် ပထမတံခွန်စိုက်ဆုရရှိသော ဖြူး မြို့နယ်အသင်းအား တံခွန်စိုက် ဆုဖလားနှင့် ငွေကျပ် ခုနစ်သိန်း ကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့က အမျိုးသား တတိယ တံခွန်စိုက်ဆုရရှိသော သဲကုန်း မြို့နယ်အသင်းအား ငွေကျပ် သုံးသိန်း၊ ဒုတိယတံခွန်စိုက်ဆု ရရှိသော ပြည်မြို့နယ်အသင်းအား ငွေကျပ် ငါးသိန်း၊ ပထမတံခွန်စိုက် ဆုရရှိသော ဖြူးမြို့နယ်အသင်း အား တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမျိုးသား/အမျိုးသမီး စုပေါင်း တံခွန်စိုက်ဆုရရှိသော ဖြူးမြို့နယ် အသင်းအား စုပေါင်းတံခွန်စိုက် ဆုဖလားနှင့် ငွေကျပ် ၁၀ သိန်း ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်ပွားမှု၊ ပြင်းထန်မှု၊ သေဆုံးမှုတို့ကို လျှော့ချပေးနိုင်

**ဟားခါး စက်တင်ဘာ ၂၉**

ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါ ဖြစ်ပွားမှု၊ ပြင်းထန်မှု၊ သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သဖြင့် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို အရှိန်အဟုန်မြှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ယမန်နေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

**ရောဂါထိန်းချုပ်**

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားနေသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လိုကြောင်း၊ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။




ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောထွန်းတို့က ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်တို့က အကြံပြု သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့တွင် စတင်ကျင်းပမည်

**ကျိုက်ထို စက်တင်ဘာ ၂၉**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်မှ ၁၃၈၅ ခုနှစ် ကဆုန်လပြည့် (၉-၁၀-၂၀၂၂ မှ ၃-၅-၂၀၂၃)အထိ (၇)လတိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကာလတစ်လျှောက် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အနေဖြင့် ဘုရားလာရောက်ဖူးမြော်သူများအား အခမဲ့တည်းခိုနိုင်ရန် ပြည့်စုံဓမ္မာရုံနှင့်ဆီမီး(၉၀၀၀) ဓမ္မာရုံအား စီစဉ်ထားရှိပြီး မိမိဆန္ဒအရ အလှူပေးတည်းခိုနိုင်ရန် ဟိုတယ်များ၊ တည်းခိုဆောင်များ ကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

ထို့ပြင် ကင်မွန်းစခန်း တောင်ခြေတွင် သန့်ရှင်းသည့်ထမင်းဆိုင်များနှင့် အမှတ်တရပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး ရင်ပြင်တော်တွင် ဘုရားဖူးများအဆင်ပြေစွာ စားသောက်နိုင်ရန် ထမင်းဆိုင်များနှင့် အမှတ်တရပစ္စည်းဆိုင်များကို ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်အညီ ရောင်းချပေးမည်ဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်သည့်ဆိုင်များ ဖြစ်စေရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်ဘုရားပွဲတော်တွင် ဘုရားလာရောက်ဖူးမြော်သူများအား ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ရန် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများ စစ်ဆေးပြီးမှသာ ဘုရားရင်ပြင်တော်သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စေတုတ္တရာမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**စေတုတ္တရာ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက (၁၆)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဖိုးကျော်မင်းက ခွေးရူးရောဂါ ကူးစက်မှုကို ပူးပေါင်းကာကွယ်ထိန်းချုပ်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်မိုးညွှန့်(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

❂ စာမျက်နှာ ၁၈ မှ

၁၉၄၀ ပြည့်နှစ်ရောက်တော့ လေထုတွင်း (ကာဗွန်ဓာတ်ငွေ့) ဟာ ၃၀၀ ပီပီအမ် နီးပါး။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ ဒီဓာတ်ငွေ့ရဲ့ ပမာဏဟာ ၄၀၁ ပီပီအမ်အထိ ကြောက်ခမန်းလိလိ မြင့်တက်လာပါတယ်။ ပိုပြီးထွက်လာတဲ့ ကာဗွန်ဓာတ်ငွေ့တွေကြောင့် ပင်လယ်သမုဒ္ဒရာရဲ့ အက်စစ်ဂုဏ်ဟာ ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်သွားပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ပုံမှန်(၂၈၅-၃၀၀ppm) ဆိုရင် မိတ်ဆွေဓာတ်ငွေ့ဖြစ်ပါတယ်။ သစ်ပင်သစ်တောတွေ၊ လယ်ယာစပါး ကောက်ပဲသီးနှံတွေ ဖြစ်ဖို့၊ အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။

**မဂ္ဂါစီးတီးမြို့ပြပြဿနာ**

လေထုညစ်ညမ်းမှုကိစ္စဟာ မြို့ပြပြဿနာပဲ။ ၅၀ ရာခိုင်နှုန်းသော အမေရိကန်တို့ဟာ မြို့ပြမှာ နေထိုင်ကြပါတယ်။ အဲဒီလိုမြို့တွေဟာ လူဦးရေအများဆုံး ငါးသိန်းပဲ နေထိုင်ကြပါတယ်။ မဂ္ဂါစီးတီး (Megga City) ဆိုလို့ နယူးယောက်မြို့ပဲရှိပါတယ်။ ရန်ကုန်မြို့သည်ပင် လူဦးရေ ခုနစ်သန်းလောက်ရှိတာမို့ မဂ္ဂါစီးတီးစာရင်း မဝင်သေးပါဘူး။ ဒါပေမဲ့ အနာဂတ်မှာ မဂ္ဂါစီးတီးမဖြစ်ဖို့ဆိုရင် လူဦးရေဟာ အများဆုံး တစ်သန်းသာရှိတဲ့ မြို့ပြတွေ တည်ထောင်သွားရင် ရေမီးပြည့်စုံလာမယ့်အပြင် ပတ်ဝန်းကျင်ကို အစစအရာရာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ပါလိမ့်မယ်။ ရေနံနဲ့ လောင်စာဆီပြဿနာပေါ်တဲ့အခါ၊ စက်မှုလုပ်ငန်းနဲ့ ကုန်စည်စီးဆင်းလည်ပတ်မှု လုပ်ငန်းတွေဟာ ပုံမမှန်ဖြစ်တတ်ပါတယ်။ ကိုဗစ်-၁၉ လို ကပ်ရောဂါကြီးကျရောက်တဲ့အခါ လူသားတွေရဲ့ဘဝဟာ ချောက်ချားတဲ့ အခြေဆိုက်ပါတယ်။ စစ်မက်ဖြစ်ပွားရင်လည်း လူထုဟာ ဒုက္ခအပေါင်းကျရောက်ရပါတယ်။

ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ဟာ လောင်စာဆီ ၂၀ ရာခိုင်နှုန်း ပိုမိုထိရောက်ရေး (20 % Fuel efficient)၊ ၂၀ ရာခိုင်နှုန်း ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေး (20 % Carbon dioxide reduction) တွေကို အားထုတ်ခဲ့ပါတယ်။ အဆိပ်အတောက် (ကာဗွန်မိုနောက်ဆိုက်နဲ့ ဗီအိုအမ် (VOM– Volatile Organic Metter) နည်းနည်းပဲ ထွက်စေမယ့် နည်းပညာတွေ မြှင့်ခဲ့ပါတယ်။ တိုးတက်အောင်မြင်မှု တွေ့ရှိခဲ့ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၈-၉-၂၀၂၂ ရက်နေ့မှအဆက်

တစ်ဖက်မှတွေးလျှင် အတူတူနေလာခဲ့ရသော ညီအစ်မတစ်ယောက်နှင့် ခွဲခွာရသဖြင့် ဝမ်းနည်းအားငယ်မိရာသည်။

'မ' သည် အိပ်ရာထက်တွင် လှဲနေသော်လည်း အိပ်၍မပျော်။ စိတ်ကူးမီးခိုး လွင့်ပါးရာနောက်သို့သာ တဝေ့ဝေ့ပါ၍ နေမိသည်။

မှေးခနဲပျော်မည်ပြုမှ အပြေးအလွှား ဝင်၍လာသော မော့်အသံကြောင့် လန့်နိုးလေသည်။ မော်ပြန်လာသောအချိန်မှာ ဆယ်နာရီပင် ထိုးတော့မည်။ မော်သည် သီချင်းတအေးအေးဖြင့် ပျော်နေဟန်ရှိသည်။ မော့်ကိုကြည့်ရသည်မှာ လေထဲတွင်လွင့်ပါးနေသော ကြက်မွေးကလေးကဲ့သို့ ပေါ့ပါးလွန်းလှသည်။ မော်သည် 'မ'နှင့်စာလျှင် ငယ်ရွယ်သူဟု ဆိုရသော်လည်း 'မ' သည် မော့်အရွယ်မရောက်မီကပင် နေရာတကာ အတွေးနက်သူဖြစ်သည်။ အသွားအလာ အနေအထိုင်ကစ ဆင်ခြင်တတ်သူဖြစ်သည်။ ထို့ကြောင့် 'မ' ကို သူ့မာမီက ကလေးလူကြီးဟု ပြောတတ်သည်။ မော်ကမူ ဘာမျှ ဆင်ခြင်စဉ်းစားနေသူမဟုတ်။ ပြောချင်ရာပြော၍ လုပ်ချင်ရာလုပ်တတ်သူ ကလေးဖြစ်သည်။

မော်သည် 'မ' ၏ ခြင်ထောင်စကို အသာမ၍ကြည့်လိုက်ရင်း ကလေးဆန်ဆန် ပြုံးလိုက်သည်။

"'မ'တစ်ယောက်လည်း စိတ်ကူးယဉ်နေသလား။ မွန်တို့ကို အားကျနေသလား"

မော်က နောက်လိုက်သည့်တိုင်အောင် 'မ'ကမူ မော့်ကို အကဲခတ်သလို စိုက်ကြည့်နေလိုက်သည်။

"လည်လှချည်လား မော်၊ မင်းပြန်လာတာ အချိန်လွန်နေပြီ။ မိန်းကလေးဆိုတာ လူကြီးမိဘမပါဘဲ ဒီအချိန်အထိ လည်ဖို့မကောင်းဘူး"

မော်သည် နှုတ်ခမ်းကလေးစူလိုက်သည်။ 'မ' ၏ရင်ခွင်တွင် ခေါင်းကလေးကို ဝှေ့လိုက်ပြီး ကလေးငယ်ကဲ့သို့ နွဲ့ဆိုးဆိုးလိုက်သည်။

"'မ' ကကွယ် ... မော့်ကို ကလေးကျနေတာပဲ၊ မော် ခုပြန်လာတာက အစောကြီးပြန်လာတာ။ ဂရေစီတို့ဆိုရင် ဆိုကြ၊ ကကြတုန်းပဲ။ ဒီလိုနေ့မှမပျော်ရရင် ဘယ်နေ့သွားပြီး ပျော်ရမလဲ။




မော်တို့လေ ဗစ်တာပေးတဲ့ ငွေတစ်ရာနဲ့ ဘာလုသန်းထွန်းတို့အိမ်မှာ စားကြသောက်ကြတယ်။ သိပ်ပျော်တာပဲ 'မ' ရဲ့။ မော်တောင် ဝိုင်နှစ်ခွက် သောက်ခဲ့သေးတယ်"

'မ' သည် မော်၏စကားများကို နားထောင်ရင်း အလိုလိုစိုးရိမ်မိသည်။ မော်က ခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း 'မ' ရင်ထဲတွင်ကား မော့်အတွက် အပူလုံးတစ်ခုကို မျိုလိုက်ရသလို ရှိတော့သည်။

"မော် ... မင်း ဘာတွေပြောနေတာလဲ။ မင်းတော့ ဒုက္ခဖြစ်တော့မယ်။ နောက်ကို မင်း ဒီအသိုင်းအဝိုင်းထဲကို မဝင်ပါနဲ့ ကလေးရယ်။ မင်း ငယ်ပါသေးတယ်။ မွန်တောင် ဒီအသိုင်းအဝိုင်းထဲမှာ မကျင်လည်ခဲ့ပါဘူးကွယ်"

မော်သည် 'မ' အနားမှ ဆောင့်အောင့်၍ ထွက်သွားပြီးလျှင် သူ့ခုတင်ပေါ်သို့ တအားပစ်၍ လှဲချလိုက်သည်။

"'မ' က မော့်ကိုများ အမြဲဆူချင်တယ်။ မော်တစ်ယောက်တည်းမှ မဟုတ်ဘဲ။ သူများတွေလည်း မော်တို့လို သွားကြတာပဲ။ ဂရေစီတို့များ အပြင်ဟိုတယ်တွေတောင် လိုက်ပြီး ကသေးတယ်။ မော်က တခြားကိုသွားတာ မဟုတ်ပါဘူး။ သူငယ်ချင်းတွေအိမ် သွားတာပဲဟာ။ 'မ' က အလကားဆူနေတာ။ ပြီးတော့လည်း ကနေ့ညလိုအချိန်မျိုးမှာ မွန့်အတွက် ပျော်မယ်မဟုတ်လား"

မော်သည် စူစူအောင့်အောင့်အသံကလေးဖြင့် 'မ' ကို မကျေမနပ် ပြောလိုက်ရှာသည်။

"မော့်ကို ဆူတာမဟုတ်ပါဘူးကွယ်။ 'မ' က မော်ကောင်းစေချင်လို့ စေတနာနဲ့ ပြောမိတာပါ။ တို့မှာ ညီအစ်မသုံးယောက်ရှိတဲ့အထဲက တစ်ယောက်က ခွဲထွက်သွားပြီ။ ခါတိုင်းဆိုရင် တို့ကို နီးနီးကပ်ကပ်ဆုံးမတဲ့ မွန်ရှိတယ်။ အဖေ အမေဆိုတာက ခုလို အသေးစိတ်သိတာ မဟုတ်ဘူး။ နေရာတကာလည်း လူကြီးတွေကို ပြောသင့်တာမဟုတ်ဘူး။ ဒီတော့ ဘာပဲဖြစ်ဖြစ် တို့ညီအစ်မတွေဟာ ကောင်းတိုင်ပင် ဆိုးတိုင်ပင် နေကြရမယ် မဟုတ်လား။ ဒါတွေကို မင်း နားလည်သင့်ပါပြီ မော်ရာ။ မင်း ကလေးမဟုတ်တော့ပါဘူး"

"မော် သိပါတယ် 'မ' ရာ၊ နောက်ကို မော် ဘာပဲဖြစ်ဖြစ် 'မ' ကို ပြောမယ်။ 'မ' မကြိုက်တာကို မလုပ်ဘူး။ ကဲ... ကျေနပ်တော့၊ ဂွတ်နိုက် 'မ' ရေ"

မော်သည် သူ့ခေါင်းရင်းမှ မီးကို မှိတ်လိုက်သည်။ ပြီးမှ မီးပြာကလေးသည် 'မ' တို့အိပ်ခန်းတွင်းဝယ် ခပ်မှိန်မှိန်လင်း၍လာသည်။

'မ' သည် ခြေရင်းမှစောင်ကို ဆွဲ၍ ခြုံလိုက်ရင်း တစ်ဖက်သို့ လူးလှန့်လိုက်သည်။

ခဏကြာလျှင် မော်သည် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းလိုက်သည်။

'မ' သည် မော့်အဖြစ်ကို နားမလည်နိုင်အောင်ရှိတော့သည်။ မော်သည် ကနေ့ည မူကွဲ၍နေသည်မှာ သိသာလှလေသည်။

"'မ' ရေ ..."

မော်က သီချင်းကိုညည်းနေရာမှ လှမ်း၍ခေါ်လိုက်ပြန်သည်။

"ဘာလဲ မော် ..."

'မ'က ခပ်တိုးတိုးပြန်၍ထူးလိုက်သည်။ မော်သည် အခြောက်တိုက် တစ်ယောက်တည်း ရယ်နေပြန်သည်။

မွန်တို့တော့ ခုအချိန်ထိ အိပ်ကြမှာ မဟုတ်ဘူးနော်"

မော်က တခစ်ခစ်ရယ်သံကလေးဖြင့် ပြောလိုက်သည်။ 'မ' မှာ မော်ပြောလိုက်သောစကားကြောင့် နားရှက်မိသည်။

"အသာအိပ်စမ်း မော်။ ဒါ မင်းတွေး စရာမလိုဘူး"

"တွေးတာမဟုတ်ဘူး 'မ' ရဲ့ မွန့်ကိုယ်စားစိတ်ကူးကြည့်တာ။ 'မ' သာ မွန့်နေရာရောက်နေရင် ဘယ်လိုနေမလဲဟင်။ မော်တော့ တွေးကြည့်တိုင်း အသည်းယားနေတယ်"

"မော် ... အိပ်တော့ကွယ်။ မပြောကောင်းတာတွေ ဘာလို့လျှောက်ပြောနေလဲ"

"ဘာလို့မပြောကောင်းရမှာလဲ 'မ' ရဲ့၊ မပြောကောင်းဘူးဆိုရင် သူတို့ ဘာလို့ကနေ့မင်္ဂလာဆောင်လဲ။ 'မ' ရော မွန်တို့ကို အားမကျဘူးလားဟင်"

"မော် ... အိပ်စမ်းကွယ်။ 'မ' တောင်းပန်ပါတယ် ညီမရယ်။ အိပ်ပါတော့ ညဉ့်နက်လှပြီ"

"မော်တော့ အိပ်လို့ကိုမရဘူး။ မွန့်ကို ပဲမျက်စိထဲမြင်နေတယ်။ ဒါပေမဲ့ မွန်ကတော့ မော်တို့ကို အမှတ်ရမှာမဟုတ်ပါဘူးနော်။ ဟိုသီချင်းထဲကလိုပဲ ဒီလိုညမျိုးဟာ ကမ္ဘာကြီးတစ်ခုလုံးကို မေ့တဲ့ညပဲတဲ့။ ခြင်ကိုက်တာလည်း မသိဘူးတဲ့။ ကြမ်းပိုးကိုက်တာလည်း မသိဘူးတဲ့။ ဒါပေမဲ့ ချစ်သူရဲ့ အသက်ရှူထုတ်လိုက်တဲ့လေကလေးက သူ့ပါးပြင်မှာ ဝေ့နေတာတော့ တစ်သက်လုံး မမေ့ပါဘူးတဲ့။ မွန်လည်း အဲဒီသီချင်းထဲကလို ဖြစ်နေမှာပဲနော်"

'မ' သည် မော့်ကို စကားပြန်၍ မပြောတော့ချေ။ ပြန်ပြောနေလျှင်လည်း ယနေ့ည အိပ်ရတော့မည် မဟုတ်တော့ချေ။

မော်သည် ယနေ့ည ထူးထူးခြားခြား စိတ်လှုပ်ရှားနေသည်ကိုကား 'မ' က အကဲခတ်လိုက်မိသည်။ အဘယ်အရာတွေသည် မော့်စိတ်ကို ယခုလို လှုပ်ရှားစေသည်ကိုကား 'မ' ကိုယ်တိုင် စဉ်းစား၍ မရသေးချေ။

အမှန်ဆိုတော့လည်း မော်သည် အပျိုသင်စငှက်ငယ်လို လေတွင် လွင့်ပါးချင်သူကလေးပင် မဟုတ်လော။

[ ၈ ]

ခုတလော ကိုဘခက်သည် တစ်ယောက်တည်း ပျင်းသလို ဟာသလို ရှိနေတော့သည်။ 'မ' နှင့် မော်တို့သည် စာမေးပွဲနီးလာသဖြင့် ဂီတသင်တန်းကို ခဏဖြတ်၍ ထားရသည်။ ကိုဘခက်သည် 'မ' နှင့် မော်တို့ကို ထမင်းဝိုင်း ကော်ဖီဝိုင်း၌သာ ခဏလောက် ဆုံကြရသည်။ 'မ' သည် စာကြည့်ခန်းမှပင် ထွက်သည်ဟူ၍မရှိ။ ညနေပိုင်းလောက်သာ ပန်းခြံတွင်းသို့ လမ်းလျှောက်ထွက်သည်။ ကိုဘခက်သည် ဦးကျော်ဒင်နှင့်သာ စကားဝိုင်းဖွဲ့သည့်အခါဖွဲ့၊ စစ်တုရင်ထိုးသည့်အခါ ထိုးဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။ ဦးကျော်ဒင်မရှိသည့်အခါ၌မူ စန္ဒရားတီးသည့်အခါတီး၊ သို့မဟုတ် အခန်းတွင်း၌ စာဖတ်နေတတ်သည်။

ခုလည်း ကိုဘခက်သည် အခန်းတွင်း၌ စာဖတ်၍နေရာမှ ဦးကျော်ဒင်၏ခေါ်သံကြောင့် အပြင်သို့ထွက်ခဲ့သည်။

ဦးကျော်ဒင်သည် ဧည့်ခန်းတွင် ဧည့်သည်နှစ်ယောက်နှင့်အတူ ထိုင်လျက်ရှိသည်။

ဧည့်ခန်းအတွင်းသို့ ကိုဘခက် ဝင်သွားလျှင်ပင် ဦးကျော်ဒင်က ကိုဘခက်အား ထိုဧည့်သည်နှစ်ယောက်နှင့် မိတ်ဆက်၍ပေးလိုက်သည်။

"ကဲ ... သူပဲဗျာ ကိုဘခက်ဆိုတာ။ မောင်ဘခက်ရေ ... ဟောဒါက ဦးသောင်းရွှေဆိုတာ ရန်ကြီးအောင်ရုပ်ရှင်ကုမ္ပဏီကသူဌေးပေါ့။ ဆရာကတော့ ဒါရိုက်တာ ကိုမြင့်လွင်ဆိုတာပဲ။ အဲဒါ ကျုပ်ကို ပွဲခပေးရမယ်။ သူတို့ရိုက်နေတဲ့ 'ချစ်ဂရုဏာ' ... ဆိုတဲ့ကားအတွက် မောင်ဘခက်ဆီမှာ သီချင်းအပ်မလို့။ ကဲ ... ပြောကြဗျာ"

ကိုဘခက်သည် မမျှော်လင့်သော စကားကိုကြားလိုက်ရသဖြင့် ရုတ်တရက် အံ့ဩမိလေသည်။

ဦးသောင်းရွှေနှင့် ကိုမြင့်လွင်ကမူ ကိုဘခက်ကို အကဲခတ်သလိုကြည့်ရင်း ပြုံး၍နှုတ်ဆက်လိုက်သည်။

"ဒီလိုပါခင်ဗျာ၊ ခု ကျွန်တော်ရိုက်နေတဲ့ 'ချစ်ဂရုဏာ' ဆိုတဲ့ကားက မြူစီကယ်ပစ်များဖြစ်နေတော့ သီချင်းများများ ထည့်ချင်တယ်။ သီချင်းဆယ့်ခြောက်ပုဒ်လောက် အနည်းဆုံးပါမယ်။ ကုလားကားတွေကိုကြည့်မယ်ဆိုရင် တော်တော်တန်တန် မကောင်းတဲ့ကားတောင် သီချင်းတွေနဲ့ဖုံးသွားတာပဲ။

"အဲဒီတော့ ခု ကျွန်တော်ရိုက်မယ့်ကားမှာလည်း ပရိသတ်ပျင်းမယ့်အချိန်တိုင်း သီချင်းကလေး ဝင်ညှပ်နိုင်အောင် စီစဉ်ထားပါတယ်။ အဲဒီတော့ ဆရာ့ဆီက လည်း သီချင်းနှစ်ပုဒ်လောက် စပ်ဖို့ စိတ်ကူးပါတယ်။ ဆရာ့လက်ကို မကြားဖူးသေးပေမယ့် ဦးကျော်ဒင်လိုပုဂ္ဂိုလ်မျိုးက တော်တယ်ဆိုရင် ကျွန်တော်တို့က ယုံကြည်ပြီးသားပါ"

ဦးကျော်ဒင်ကမူ ဝမ်းသာအားရဖြင့် ပြုံး၍နေသည်။ ကိုဘခက်သည် ဦးကျော်ဒင်၏စေတနာကို ကျေးဇူးမတင်ဘဲမနေနိုင်အောင်ရှိတော့သည်။

အမှန်တော့လည်း ဦးကျော်ဒင်သည် ကိုဘခက်အတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့သူဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

"ကိုဘခက်သည် အခန်းတွင်း၌စာဖတ်၍နေရာမှ ဦးကျော်ဒင်၏ခေါ်သံကြောင့် အပြင်သို့ထွက်ခဲ့သည်။ ဦးကျော်ဒင်သည် ဧည့်ခန်းတွင် ဧည့်သည်နှစ်ယောက်နှင့်အတူ ထိုင်လျက်ရှိသည်။ ဧည့်ခန်းအတွင်းသို့ ကိုဘခက်ဝင်သွားလျှင်ပင် ဦးကျော်ဒင်က ကိုဘခက်အား ထိုဧည့်သည်နှစ်ယောက်နှင့် မိတ်ဆက်၍ပေးလိုက်သည်။
"ကဲ... သူပဲဗျာ ကိုဘခက်ဆိုတာ။ မောင်ဘခက်ရေ... ဟောဒါက ဦးသောင်းရွှေဆိုတာ ရန်ကြီးအောင်ရုပ်ရှင်ကုမ္ပဏီက သူဌေးပေါ့။ ဆရာကတော့ ဒါရိုက်တာ ကိုမြင့်လွင်ဆိုတာပဲ။ သူတို့ရိုက်နေတဲ့ 'ချစ်ဂရုဏာ' ဆိုတဲ့ကားအတွက် မောင်ဘခက်ဆီမှာ သီချင်းအပ်မလို့။ ကိုဘခက်သည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ရုတ်တရက်. . ."

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀)၊ မြေကွက်အမှတ် (၅၁)၊ အကျယ်အဝန်း (၀.၁၄၉)ဧက၊ (၆၄၈၀)စတုရန်းပေရှိ ဒေါ်တင်မိုးမိုးငြိမ်း အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(E7)၊ မဉ္ဇူလမ်း၊ တက္ကသိုလ်ဥယျာဉ်အိမ်ရာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဟုခေါ်တွင်သော(၂)ထပ် RC အဆောက်အဦနှင့် ရေ + လျှပ်စစ်မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍အများသိစေရန်ကြေညာခြင်း။**

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်တင်မိုးမိုးငြိမ်း** (၁၂/ဒဂရ (နိုင်) ၀၀၂၇၉၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**

တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)

အမှတ်–၅၀၊ ပ–ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၈၅၅၅၀၂၅၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊အရှေ့မြင်းပြိုင်ကွင်းလမ်းမ၊မာန်အောင်ရပ်ကွက်၊ တိုက်အမှတ်(၂၃၈)၊**East Race Course Condominium**၊အခန်းအမှတ်(11-G)၊(၁၁)လွှာ၊ (၁၈၃၃)စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မေရည်စိုးဦး

LL.B.,D.B.L

တရားလွှတ်တော်ရှေ့နေ(စဉ်–၈၁၁၂)

**Fb Page: Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com**

အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

Ø : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 50 577 14

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၇၇)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဦးစောဂျိုးဇက် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသည့် (၂၀ပေx၆၀ပေ)၊ (ခြေရင်းခြမ်း) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၇/ခ)၊ အင်ကြင်းလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နေရည်ဝင်း [၁၂/မဂဒ(နိုင်)၁၂၉၇၄၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညဏ်လွင် [၁၂/ဥကတ(နိုင်)၀၂၁၅၁၂]နှင့် ဒေါ်မြမြသင်း [၁၂/ဥကတ(နိုင်)၁၁၇၂၄၇]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကိုကိုဇော်**
**LL.B, W.I.P.O (Swit)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)**

**ဒေါ်နှင်းဇာခြည်မြင့်**
**LL.B, D.B.L, D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)**

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း(၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၃)၊ (၄၂'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃)၊ (၂)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦ၏ (၇–လွှာ)၊ (ခြေရင်းခန်း) တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်မြတ်သူ[၁၂/တမန(နိုင်) ၁၀၅၂၈၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန်းထွေး [၁၂/ဥကတ(နိုင်)၁၃၁၄၆၀]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကိုကိုဇော်**
**LL.B, W.I.P.O (Swit)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)**

**ဒေါ်နှင်းဇာခြည်မြင့်**
**LL.B, D.B.L, D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)**

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း(၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၀)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဟံသာဝတီ (၂၂)လမ်း၊ အမှတ်(၄၀) ဟုခေါ်တွင်သော အိမ်အပါအဝင် ရေမီးအပြည့်အစုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်ခင်ခင်သောင်း [၁၂/ဥကတ(နိုင်)၀၅၅၇၀၈]အမည်ဖြင့် မှတ်သားထားပါသည်။ ဖခင်ဖြစ်သူ ဦးကြာညွန့်နှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်သောင်းတို့မှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ၎င်းတို့နှစ်ဦးကွယ်လွန်ခဲ့သဖြင့် ၎င်းတို့မှ မွေးဖွားသောသား၊ သမီး (၅)ဦးဖြစ်သော (၁) ဦးခင်မောင်အေး [၁၂/ဥကတ(နိုင်)၁၁၅၉၆၄]၊ (၂) ဦးအောင်ထွန်း [၁/မကန(နိုင်)၀၁၄၉၇၂]၊ (၃) ဒေါ်အိအိခိုင် [၁၂/ဥကတ(နိုင်)၀၅၅၆၄၈]၊ (၄) ဒေါ်သီသီနွယ် [၁၂/ဥကတ(နိုင်)၁၁၆၀၉၁]၊ (၅) ဦးမောင်မောင်လွင် [၁၂/ဥကတ(နိုင်)၀၅၅၅၁၄] သည် ကွယ်လွန်သဖြင့် ၎င်း၏ကျန်ရစ်သူတစ်ဦးတည်းသော ဇနီးဒေါ်ချိုချိုပြုံး [၁၂/ဥကတ(နိုင်)၀၅၅၆၄၉]တို့မှလွဲ၍ အမွေစား အမွေခံအဖြစ် ကိတ္တိမမွေးစားစာချုပ်ဖြင့် မွေးစားထားသူ တစ်ဦးတစ်ယောက်မှမရှိပါကြောင်း ဝန်ခံကတိပြုပြီး မိမိတို့ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး မိမိတို့လက်ဝယ်ရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်တင့်(ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၇၅၁/၁၉၉၁)**
**အမှတ်–၃၃/၄၉၊ အခန်း(၂)၊ Strand Condo၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၅၁၃၉၃၀၆**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကာကွယ်ဆေးသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၂–၂၀၂၃)ဘဏ္ဍာရေးနှစ်တွင် ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်ဗဟိုအအေးခန်းကာကွယ်ဆေးသိုလှောင်ရုံ(သမိုင်း)မှ တိုင်းဒေသကြီး/ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဌာနများသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက် ဌာနများမှ ရန်ကုန်ဗဟိုအအေးခန်း ကာကွယ်ဆေးသိုလှောင်ရုံ(သမိုင်း)သို့လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ် ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၃၁၀၈၅/၀၆၇–၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.11.Vaccine Transport (2022–2023) |
| တင်ဒါစတင်သည့်ရက် | – | ၃၀–၉–၂၀၂၂ ရက် |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၁၃–၁၀–၂၀၂၂ ရက် မွန်းတည့်(၁၂:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–သကမ (၁၄)၊ အမှတ် (၁၅)ရပ်ကွက်၊ နွယ်နီ(၁)လမ်း၊ ဦးအောင်နိုင် အမည်ပေါက် (ပါမစ်မြေမူရင်း)၊ (၅၉၆/က)နှင့် ဒေါ်စန်း အမည်ပေါက် (ပါမစ်မြေမူရင်း) (၅၉၆/ခ)၊ အကျယ်အဝန်းအတိုင်းအတာ အလျား (၄၀')xအနံ(၆၀')ရှိ ပါမစ်မြေကွက်အမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိဆက်စပ်စာချုပ်များဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထား အကျိုးခံစားပိုင်ဆိုင်လျက်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်ချစ်စုလှိုင် [၁၀/မလမ(နိုင်)၂၀၃၅၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်မင်း [၈/ထလန(နိုင်)၀၄၆၄၀၂]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငွေငွေဇော်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၀၅)**
**Ph: 09–970472314**

## စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၆၄)ရှိ Hall(၈)ထပ်ခွဲတိုက်၊ တတိယထပ် ၄–လွှာ၊ (၂၅ပေx၅၀ပေ)ခန့်ရှိ အများသုံးဓာတ်လှေကား ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်စပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ **ဒေါ်မေရီယုံ [၁၃/လရန(နိုင်)၀၃၀၇၅၃]ထံမှ ဦးသုခ [၇/ပခန(နိုင်)၂၃၃၆၂၂]+ဒေါ်နန်းမေဦး [၁၃/လရန(နိုင်)၁၃၅၉၄၂]**တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

## စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၂၁)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ (၁၂ ½ ပေx၅၀ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်စပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ **ဒေါ်သီတာအေး[၁၃/လရန(နိုင်)၀၈၃၇၈၄] (ကိုယ်စား) ဒေါ်အေးအေးစု [၁၂/စခန(နိုင်)၀၀၈၂၅၇]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan–ဘုန်းမြင့်(ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099, 09–777797911, 09–789877799, 09–799933939**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၁

ဒေါ်ခိုင်ညွာလင်း **(တရားလို)** နှင့် ၁။ ဦးကျင်မောင် ၂။ ဦးသောင်းရွှေ **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာလမ်းမကြီး၊ အမှတ် (၄၅၃) မြေညီထပ်နေ **ဦးကျင်မောင်၊ ဦးသောင်းရွှေ** (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလိုက **ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်ဆက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်၊ (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော်များ Garmanit Services Co.,Ltd မှ ငှားရမ်းထားသော ယာဉ်အမှတ်– 9L–9799 (NPT), Toyota Fortuner (2016), Chassis No–MHFBZ3FS200020439 ကို အငှားယူထားသူသည် လစဉ်ပေးသွင်းရမည့်ငွေများကို ပျက်ကွက်နေသည့်အပြင် ကားပြန်လည်အပ်နှံရန်ကြာမြင့်နေပါသည်။ ၎င်းအပြင် မော်တော်ယာဉ်နှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ Garmanit Services Co.,Ltd ၏ လက်ဝယ်တွင်ရှိပါသည်။ ၎င်းမော်တော်ယာဉ်အား လက်ဝယ်ရှိသူ မည်သူမဆို ပြန်လည်အပ်နှံရန်နှင့် ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက ယုံကြည်အပ်နှံခြင်းကတိစာချုပ်ပါ အချက်အလက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Garnanit Sevices Co.,Ltd**
**09–797907575**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၇၊ မြေကွက်အမှတ်– ၈၂၀၊ မြေကွက်တည်နေရာအမှတ်–၈၂၀၊ စိတ္တသုခလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှကြည်[၁၂/မရက(နိုင်)၀၆၀၉၀၀] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ဖခင်)ဦးလှကြည်နှင့် (မိခင်)ဒေါ်ခင်ရီတို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်ခင်အိအိချော [၁၂/မရက(နိုင်)၀၆၀၈၉၀]၊ (MYGN–၀၂၁၆၄၇)မှ တစ်ဦးတည်းသောသမီးအရင်းဖြစ်ကြောင်းနှင့် အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးလှကြည်၏ သေဆုံးမှုလက်မှတ်၊ (မိခင်)ဒေါ်ခင်ရီ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာအရှေ့(၇)လမ်း၊ အိမ်အမှတ်– ၂၉၃ နေ ဦးဝင်းကျော်ထွန်း(ခ) တာတီး၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းထွေးသည် လင်မယားနှစ်ဦးပိုင် ဈေးအရင်းငွေကိုယူဆောင်၍ နေအိမ်မှထွက်သွားခဲ့ပါသည်။ ဒေါ်သန်းသန်းထွေးသည် မိမိသဘောဆန္ဒအလျောက် ထိုသို့ထွက်သွားသည့်ရက်မှစ၍ ခင်ပွန်းဖြစ်သူနှင့် မိသားစုအား မည်သည့်အကြောင်းပြချက်မျှ ပြောဆိုအသိပေးခြင်းမရှိဘဲ နေအိမ်သို့ ယနေ့အချိန်အထိ ပြန်လည်လာရောက်ခြင်းမရှိပါ။ ဒေါ်သန်းသန်းထွေးသည် ယခင်ကလည်း ထိုကဲ့သို့ ဦးဝင်းကျော်ထွန်း(ခ)တာတီး၏ ခွင့်ပြုချက်မရှိဘဲ အကြောင်းမဲ့ ငွေကြေးများယူဆောင်၍ နေအိမ်မှ အကြိမ်ကြိမ်ဆင်းသွားလေ့ရှိပါသည်။ ထို့ကြောင့် ဦးဝင်းကျော်ထွန်း(ခ)တာတီးသည် ဒေါ်သန်းသန်းထွေးအား ဇနီးအဖြစ် ဆက်လက်ပေါင်းသင်းလိုသော ဆန္ဒမရှိတော့ပါသဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ ဒေါ်သန်းသန်းထွေးအား ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ဒေါ်သန်းသန်းထွေးနှင့်ပတ်သက်သည့် ပြဿနာအရှုပ်အရှင်းကိစ္စအဝဝသည် ဦးဝင်းကျော်ထွန်း(ခ) တာတီးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါသဖြင့် ဦးဝင်းကျော်ထွန်း(ခ) တာတီးမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝင်းကျော်ထွန်း(ခ)တာတီး**
**[၁၂/သကတ(နိုင်)၁၉၂၄၃၀]**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မြမြဝင်း(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၂၀၃၂၃)(၁၈–၁၀–၉၄)**
**အမှတ်(၁၀၈၀/က)၊ ဓေယျာဖြိုင်လမ်း၊**
**၁၉–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)။**
**Hp: 09– 421037826**

**ဒေါ်တင်သိန်းဝေ(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၄၀၉၆၃)(၂၆–၁၂–၂၀၁၂)**
**အခန်း(၁၀၁)၊ တိုက်(၅)၊**
**အင်းဝအိမ်ရာ၊ မြိတ်လမ်း၊**
**၆၆–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ရန်ကုန်မြို့။ (Hp: 09– 448039058)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/တောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၁၇)၊ ၃–လွှာ(အေ) ခေါင်းရင်းခန်း၊ အကျယ် (၁၂ ½ x၄၇)ပေခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သန်းမြင့် [၁၂/လသန(နိုင်)၀၀၁၁၁၃]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်နိုင်ဦး (ဥပဒေတွဲ့)**
**(စဉ်–၈၇၆၂)**

**ဒေါ်ကျော့ကျော့စံ(ဥပဒေတွဲ့)**
**(စဉ်–၁၃၄၈၅)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၇၇၇၅၀၅၇၃၇**

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂျူန်ရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၇၈)တွင် ဆောက်လုပ်ထားသည့် (၈ ½)ထပ်တိုက် (Lift)ပါ တတိယထပ် (၄)လွှာ၊ အကျယ်အဝန်း (၂၅ပေ x ၅၀ပေ)ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးတင်မောင်လတ် [၁၂/ရကန(နိုင်)၀၆၅၀၁၁] စည်တော်ကြီး ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ အမွေဆက်ခံပိုင်ဆိုင်သူ ဇနီးဖြစ်သူ ဒေါ်စောစောသန်း [၇/သကန(နိုင်)၀၇၁၉၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွှန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇)**

**ဦးနိုင်ထွဋ်လင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၄၅)**

**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း- ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၅၀၆၁၅၇၊ ၀၉- ၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ ရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အမှတ် (၁၁၀)၊ ဧရိယာ (၀.၀၅၅)ဧကအတွင်းမှ ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချယ်ရီနိုင် [၁၂/ဒပန (နိုင်)၀၄၇၆၆၀]ထံမှ ကျွန်တော် ဦးဇော်စိုးညွှန့် [၇/ပခန(နိုင်)၂၁၅၆၅၆]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်စိုးညွှန့်**
**[၇/ပခန(နိုင်)၂၁၅၆၅၆]**
**ဒ/၂+၃ ဦးအောင်မြတ်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း ၀၉-၄၅၅၂၈၃၃၁၅**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ (Star Villa)၊ အိမ်အမှတ် (၁၄)၊ အကျယ်အဝန်း (၆၄၀၀)စတုရန်းပေရှိ မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းတိုက်နှင့် ၎င်းလုံးချင်းတိုက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူများဖြစ်ကြသော ဦးသိန်းထွဋ်ဦး [၁၂/တမန(နိုင်)၀၉၇၇၆၃] နှင့် ဒေါ်ထက်ထက်ရင်မြင့် [၁၂/လမတ(နိုင်)၀၃၁၆၆၆] ကိုင်ဆောင်သူတို့မှ တရားဝင် ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြေအကျေပေးချေ၍ တရားဝင် အပြီးအပိုင်လက်ရောက်ဝယ်ယူလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)**
**ဖုန်း-၀၉-၄၂၅၀၁၂၂၅**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မန်ကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**[S.R.S- REAL ESTATE Ph-09-43125834, 09-779726621]**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂/တောင်)၊ မြေကွက်အမှတ်(၁၁၃၂)၊ မြေဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၁၁၃၂၊ သုမနလမ်း၊ ၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်နှင်း [၁၂/သကတ(နိုင်)၀၀၇၉၅၃]၊ ဒေါ်ဒီးဖန် [၅/တမန (နိုင်)၀၀၀၅၈၆]၊ ဦးသံဒိုင် [၈/ပခက(နိုင်) ၁၄၁၃၁၄] အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နှင်း(မိခင်)နှင့် ဦးတင်မြင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် သားသမီးများဖြစ်သော ဒေါ်ကင်းညိမ်း [၁၂/သကတ(နိုင်) ၀၇၉၀၈၈]၊ ဒေါ်ခင်ရွှေ [၁၂/သကတ(နိုင်)၀၀၈၂၈၆]တို့မှ သားသမီးများ တော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် ဒေါ်ဒီးဖန် [၅/တမန(နိုင်)၀၀၀၅၈၆]၊ ဦးသံဒိုင် [၈/ပခက(နိုင်)၁၄၁၃၁၄]တို့နှင့်အတူ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်-ကျောက်တန်းလမ်းမကြီးမေးတင်၊ မြေတိုင်းရပ်ကွက် ဘုရားကုန်းအဆင့်-၁၊ မြေကွက်အမှတ်-၁/၁၁၈၇၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဗိုလ်မှူးချစ်ညွှန့် အမည်ပေါက် မြေချပါမစ်အမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားရှိကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်အေး [၁၂/ရကန(နိုင်)၀၁၀၄၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြည့်မြတ်ဖူး [၁၂/လကန(နိုင်)၂၁၉၇၂၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို (၂၉-၁၀-၂၀၂၂)ရက်နေ့တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိဖြူ(LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၂၅)**
**BHAWANI LEGAL SERVICES COMPANY LIMITED**
**ဖုန်း-၀၉-၄၄၁၅၆၅၆၈၆၊ ၀၉-၉၅၈၁၂၉၀၈၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီး၊ အမှတ်(၁၃၁၆)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ဒေါ်ခင်မာညို [၁၂/တကန(နိုင်)၀၈၉၇၃၉] အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မာညို [၁၂/တကန(နိုင်)၀၈၉၇၃၉]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါဂရန်မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၇(ဘီ)၊ မြေကွက်အမှတ်-( ၉၃ )အရ မြေဧရိယာ-( ၀. ၂၅၂ )ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးမြင့်အောင်** ( ၁၀/စတန (နိုင်) ၀၀၄၁၂၃ )အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီး ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသွင်ဇာနည်ဦး(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၄)

ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈-B-2၊ မြေကွက်အမှတ်-၆၉/၁၂ ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၂၂၊ ဂန္ဓမာလမ်း၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂ ခန်းတွဲ ၆)ထပ်တိုက် အဆောက်အဦရှိ (၃-လွှာ) (ခြေရင်းခြမ်း) အကျယ်အဝန်း (၁၂ ½ x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဆက်စပ်စာချုပ်အရ ရောင်းသူ ဦးအောင်မျိုးသူ [၁၃/တကန(နိုင်)၂၁၀၈၈၇]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကြေညာပါသည့်နေ့ရက်မှ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်း/ကွက်သစ်ရပ်ကွက်၊ အောင်တေဇ လမ်း၊ အမှတ်- ၁၆/B ဟုခေါ်တွင်သည့် (၆)ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း (၁၂ ½ပေ x ၅၀ပေခန့်)ရှိ (၃-လွှာ) ဒုတိယထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၂၀-၆-၂၀၁၉)ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူ ဒေါ်ရှော်နာဘာန် [၁၂/ကမရ (နိုင်)၁၇၈၀၄၆]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့် ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့် အတူ ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း အဆင့်၊ ကြယ်စင်အိမ်ရာ(Star City)၊ တိုက်အမှတ်(A-3)၊ အခန်းအမှတ်(၁၂၁၃)၊ အကျယ်အဝန်း (၉၀၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်စောထက်မွန် [၁၂/ဥကမ(နိုင်)၂၀၆၈၄၃] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)**
**ဖုန်း-၀၉-၄၂၅၀၁၂၂၅**
**အမှတ်(၄၅)၊ အောင်မေတ္တာလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဥ)ရပ်ကွက်၊ စံပယ်(၃)လမ်း၊ အမှတ် (၅၇၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၄ပေx၅၀ပေ)ရှိ မြေကွက်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်နိုင် [၁၂/ဥကမ(နိုင်)၁၄၇၈၅၃] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ချမ်းမြအေး [၁၄/သလခ(နိုင်)၀၀၈၀၀၀]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၈၂)**
**အမှတ် (၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ ဥ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Ph: 09-258465871, 09-953010778**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ အောင်ရတနာ(၁၂)လမ်း၊ အမှတ်(၁၄၃) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦမှ မြေညီထပ် (ခြေရင်းခန်း)၊ အခန်းအမှတ် (1-B)၊ အကျယ်အဝန်း (၁၅x၄၀)ပေရှိ တိုက်ခန်း အပါအဝင် တိုက်ခန်းနှင့်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာဝင်း [၁၂/တမန(နိုင်)၀၂၀၇၅၇]မှ အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်ညိမ်း အေးလှိုင် [၁၂/တမန(နိုင်)၀၈၁၆၁၈]မှ ဝယ်ယူရန် သဘောတူညီကြပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်မထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

**ဒေါ်ညိမ်းအေးလှိုင်**
**[၁၂/တမန(နိုင်)၀၈၁၆၁၈]**
**ဖုန်း-၀၉- ၅၁၂၀၇၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

